ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ တနင်္လာနေ့၊ (18-1-2016) (၈၄၄၉)

## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘ၀သမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတည်းတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# အလင်းတန်းဖြာဝေ သွေးချင်းတို့ နာဂမြေ

သပြေ



နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲကျင်းပနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

* နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာပေါင်း ၂၂၆ ရွာရှိသည့်အနက် ၁၉၃ ရွာတွင် လျှပ်စစ်မီး ရရှိသုံးစွဲနိုင်ပြီ။
* လဟယ်မြို့နယ်တွင် အချိန်ပိုင်းသာလျှပ်စစ်မီးရရှိခဲ့ရာမှ ယခု ကီလိုဝပ် ၁၅၀ ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီ။

ရိုးရာဝတ်စုံ၊ ရိုးရာအက၊ ရိုးရာသံစဉ်များဖြင့် သီဆိုကခုန်နေကြသည်။ မီးပုံပွဲတွင် ဆောင်းလေ တသုန်သုန် တိုက်ခတ်လျက်။ ဝိုင်းဖွဲ့ပြီး ပျော်ရွှင်စွာ သီဆိုကခုန်နေကြသော နာဂရိုးရာ နှစ်သစ်ကူးပွဲတော်မီးပုံပွဲက ချမ်းအေးမှုကို လွင့်စဉ်သွားစေ၏။

မြန်မာနိုင်ငံ အနောက်မြောက်ဖျားဒေသ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၄၃၁၃ ပေရှိသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ လဟယ်မြို့လေးတွင် ကျင်းပနေသည့် "နာဂရိုးရာ နှစ်သစ်ကူးပွဲတော်"သည် နှစ်ဟောင်းမှ အခက်အခဲနှင့် ပြဿနာများကို ပယ်ဖျောက်၍ ချစ်ကြည်ရင်းနှီးစွာ ပေါင်းစည်းမှုကို ဖော်ဆောင်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်များစွာထဲမှ "နှစ်သစ်ကူးပုံရိပ်" ပင်။

နာဂတိုင်းရင်းသားများ၏ ရိုးရာပွဲတော်များစွာရှိသည့်အနက် နှစ်သစ်ကူးပွဲတော်သည် နှစ်စဉ် ရိုးရာမပျက် ပျော်ရွှင်စွာဆင်နွဲကြသည့် အဓိကပွဲတော်ကြီးဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွင်း ပါဝင်လျက်ရှိပြီး အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪



လဟယ်မြို့နယ် ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၁၈-၁-၂၀၁၆၊ တနင်္လာနေ့

# ဆင်ခြေထောက်ကို သတိထား

ဆင်ခြေထောက်ဆိုသည်မှာ လူတစ်ဦး၏ခြေထောက်သည် ဆင်၏ခြေထောက်ကဲ့သို့ ကြီးမားလာခြင်းဖြစ်သည်။ ထိုရောဂါသည် ကူးစက်ရောဂါဖြစ်၍ သတိထားရမည်ဖြစ်သည်။ ထိုရောဂါဖြစ်ရခြင်းမှာ ကျူးလက်ဟုခေါ်ဆိုသည့် ခြင်တစ်မျိုး အကိုက်ခံရရာမှ ရောဂါကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ ထိုရောဂါပိုးသည် သွေးကြောအတွင်း သန်ကောင်ဖြစ်ပွားပြီးနောက် ဆင်ခြေထောက်ရောဂါရလာခြင်းဖြစ်သည်။

လူအများစုအနေဖြင့် ခြင်ကိုက်ခံရလျှင် သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါလောက်သာ အသိများသည်။ ဆင်ခြေထောက်ရောဂါကိုမူ မြင်တွေ့ဖူးသူနည်းပါးသဖြင့် ဂရုစိုက်လေ့မရှိချေ။ ထိုရောဂါသုံးမျိုးစလုံးသည် လူကိုကြီးစွာဒုက္ခပေးတတ်သဖြင့် သတိထား၍ ကြိုတင်ကာကွယ်မှုပြုကြရမည်ဖြစ်သည်။ နေရာမရွေး ဖြစ်ပွားတတ်သည်ကို သိရှိထားရမည်ဖြစ်သည်။

ဆင်ခြေထောက်ရောဂါပိုးကို သယ်ဆောင်လာသောခြင်သည် မသန့်ရှင်းသော ရေပုပ်ရေသိုးများရှိရာ ရေမြောင်းများ၊ ရေဆိုးကန်များ၊ ရေပုပ်များရှိသည့် ကျင်းများတွင် ပေါက်ပွားလေ့ရှိသည်။ ထိုခြင်များသည် အိမ်တွင်း၊ အိမ်ပြင် ချုံနွယ်ပိတ်ပေါင်းများ၊ မှောင်ရိပ်ကျသည့်နေရာများတွင် ပုန်းခိုလေ့ရှိသည်။ သွေးလွန်တုပ်ကွေးခြင်မှာ နံနက်ပိုင်းနှင့်ညနေပိုင်းတွင် ကိုက်လေ့ရှိပြီး ဆင်ခြေထောက်ခြင်မှာ ညနေပိုင်းနှင့် ညပိုင်းတွင် ကိုက်လေ့ရှိသည်။

ဆင်ခြေထောက်ရောဂါပိုးခြင် အကိုက်ခံရလျှင် ခြောက်လမှ တစ်နှစ်အထိ ရောဂါလက္ခဏာမပြချေ။ အချိန်ကြာမြင့်စွာယူထားပြီး ၁၀ နှစ်ခန့်ကာလအတွင်း ဖြစ်နိုင်သည်။ ရောဂါနှုချိန်တွင် ချမ်းခြင်း၊ တုန်ခြင်း၊ ဖျားခြင်း၊ ယားယံ၍ အင်ပြင်ထွက်ခြင်း၊ ငယ်ပါယောင်ယမ်း၍ အောင့်ခြင်း၊ နာခြင်းများခံစားနိုင်သည်။ ရောဂါသက်တမ်းရင့်လာသောအခါ ခြေ၊ လက်၊ ရင်သားများ တစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံး ကြီးလာတတ်သည်။ နောက်ဆုံးတွင် ဆင်ခြေအသွင်ပေါ်လာကြောင်း သိရသည်။

ထိုရောဂါသည် အသက်အရွယ်မရွေး၊ အချိန်ကာလမရွေး ကူးစက်ခံရနိုင်သည်။ ရောဂါဖြစ်ပွားသည်ကို စောစီးစွာ မသိဘဲနောက်ကျပါက ခန္ဓာကိုယ်ရုပ်ပျက်ဆင်းပျက်ဖြစ်သွားနိုင်သည်။ အသက်မသေဆုံးသော်လည်း ခန္ဓာကိုယ်ပျက်စီးခြင်းကိုဖြစ်စေနိုင်သဖြင့် ပေါ့ပေါ့ဆဆမနေသင့်ချေ။ လူတိုင်းလူတိုင်းဖြစ်ပွားနိုင်သဖြင့် ကြိုတင်ကာကွယ်ကုသခြင်းသည် အကောင်းဆုံးဖြစ်သည်။

ယခုအခါ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကို ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ စစ်ကိုင်း၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၁၀ ရက်မှ ၁၉ ရက်အထိ ဆင်ခြေထောက်သန်ချဆေးပေါင်း တိုက်ကျွေးနေပြီဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှ ၁၁ နိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင် ကိုးနိုင်ငံ၌ ဆင်ခြေထောက်ရောဂါ အမြစ်တွယ်လျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ဆုံးဖြတ်ချက်အရ ၂၀၂၀ ခုနှစ်တွင် ဆင်ခြေထောက်ရောဂါကင်းဝေးရေး ရည်မှန်းချက်ဖြင့် ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ထိုနိုင်ငံများနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ ယခု သန်ချဆေးပေါင်း တိုက်ကျွေးခြင်းကို ဆက်လက်အကောင်အထည်ဖော်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိမြို့၊ ရွာများတွင် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အပြီးတိုက်ကျွေးမည်ဖြစ်၍ ပြည်သူအားလုံး သွားရောက် ဆေးသောက်ကြဖို့လိုပါသည်။

ဆင်ခြေထောက်ရောဂါကင်းဝေးစေရန်အတွက် ကာကွယ်ဆေးနှစ်မျိုးပေါင်းသောက်ရမည်ဖြစ်သည်။ အသက် နှစ်နှစ်မှ ငါးနှစ်အတွင်း နှစ်ပြားနှင့်တစ်ဝက်သာ သောက်ရမည်ဖြစ်ပြီး အသက်အုပ်စုအလိုက် ကွဲပြားခြားနားမှုရှိမည်။ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးသည် ဆေးထိုးခြင်းလည်း မဟုတ်၊ ဆေးပြားလေးများကို တစ်ကြိမ်သောက်သုံးခြင်းဖြင့် ဆင်ခြေထောက်ရောဂါကို ကြိုတင်ကာကွယ်ထားနိုင်မည်ဖြစ်၍ အပန်းကြီးလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် လူတိုင်းလူတိုင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် ကာကွယ်ဆေးပြားလေးများကို သွားရောက်သောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# တိမ်မြုပ်ပျောက်ကွယ်သွားသော ရန်ကုန်မြို့အနီးမှ စဉ့်ထည်လုပ်ငန်း



**ရန်ကုန် ဇန်နဝါရီ ၁၇**

လွန်ခဲ့သော နှစ်၂၀ ကျော် ကာလများက ရန်ကုန်မြစ်ကမ်းနားတွင် ရာဝင်စဉ့်အိုးကြီးများကို ဖောင်ဖွဲ့လျက် ဆိုက်ကပ်ထားသည်ကို တွေ့မြင်ဖူးသူများရှိသည်။ ရာဝင်စဉ့်အိုးကြီးများကို ဝါးများဖြင့် တုပ်နှောင်ဖောင်ဖွဲ့လျက် ဖောင်ပေါ်တွင် အိုးငယ်များ ထပ်၍တင်ဆောင်ကာ လှေ၊ သမ္ဗန်တို့ဖြင့် ဆွဲယူတင်ဆောင်လာကြခြင်းဖြစ်သည်။ တွံတေးမြို့မှ ထုတ်လုပ်လိုက်သော ရာဝင်စဉ့်အိုးမှ ကလေးကစားစရာ အိုးပုတ်အထိ အရွယ်စုံ၊ အမျိုးစုံသော စဉ့်အိုး၊ မြေအိုး၊ မြေထည်ပစ္စည်းများ ရန်ကုန်မြို့မှသည် နိုင်ငံအနှံ့အပြား ဖြန့်ကြက်သွားသည်။

ယနေ့တွင် တစ်ချိန်က အိုးလုပ်ငန်းဖြင့် စည်ကားခဲ့သော တွံတေးမြို့ အိုးဖိုစုသည် ထင်းလောင်စာရှားပါး၍ ဈေးကြီးမြင့်လာခြင်း၊ လုပ်သားရှားပါးခြင်း၊ ပလတ်စတစ်၊ စတီးအစရှိသည့် အသုံးအဆောင်ပစ္စည်းများ တွင်ကျယ်လာ၍ မြေထည်ပစ္စည်းများ ဈေးကွက်ကျဉ်းမြောင်းလာခြင်း အစရှိသည်တို့ကြောင့် အိုးဖိုများ မီးခိုးတိတ်လုဆဲဆဲအခြေအနေသို့ ရောက်နေပြီဖြစ်သည်။ ထိုအထဲတွင်ခေတ်နှင့်အညီ ထုတ်လုပ်မှုနှင့် ရပ်တည်လည်ပတ်နေသော မြေရေစစ်အိုးလုပ်ငန်း တစ်ခုကို တွေ့ရသည်။

"ဇော်ဂျီ မြေရေစစ်အိုးလုပ်ငန်းပါ။ ဒီဒေသမှာ နေရာအနှံ့ တူးနိုင်၊ တွေ့နိုင်တဲ့ တောင်မြေကြီး၊ သက်နုနုန်းမြေ၊ ဖွဲကြမ်းအစရှိတဲ့ ပစ္စည်းတွေကို တိကျတဲ့ အချိုးအစားနဲ့ ရောစပ်ပုံရိုက်ခြင်းဖြင့် မြေရေစစ်အိုးအစိမ်းကို ရရှိနိုင်ပါတယ်။ ဒါကို အခြောက်ခံပြီး ကိုးနာရီမှ ဆယ်နာရီအထိ မီးပေးခြင်းဖြင့် မြေရေစစ်အိုးအချောထည်ရရှိပြီး ပြုလုပ်ပြီးတဲ့ ရေစစ်အိုးဟာ ပိုးမွှားနဲ့ အနည်အမှုန်တွေကို ၉၉ ရာခိုင်နှုန်း သန့်စင်အောင် စစ်ထုတ်ပေးနိုင်ပါတယ်" ဟု ဦးခင်စိန်လင်းက ရှင်းပြသည်။

မြေရေစစ်အိုးကို ပိုက်ခေါင်းတပ်ဆင်ထားနဲ့ ပလတ်စတစ်ရေပုံးတွင် တွဲဖက်တပ်ဆင်အသုံးပြုခြင်းဖြစ်ရာ တစ်ပြေးညီ တိကျသော ပုံစံဖြစ်စေရန်အတွက် ရွှံ့မြေကို ချိန်တွယ်၍ ပုံစံခွက်နှင့် ဟိုက်ဒရောလစ်ဖိစက်ကို အသုံးပြုထုတ်လုပ်သည်ကို တွေ့ရသည်။

"မီးပေးဖို့ လောင်စာထင်းကို ထင်းစိုက်ရောင်းတဲ့ခြံတွေ၊ တောင်ယာတွေက ရပါတယ်။ ပန်းစုံထင်းဖြစ်ပြီး ဈေးကတော့ အတက်ပဲရှိပါတယ်။ ကုန်ချောတွေကိုတော့ NGO နဲ့ INGO တွေက မှာယူတဲ့အတိုင်း ထုတ်လုပ်ပါတယ်။ အပြင်ဈေးကွက်လည်းရှိပြီး တပ်ဆင်ပြီး မြေရေစစ်အိုးတစ်ခုအတွက် ကျပ် ၁၃၀၀၀ နဲ့ ၁၅၀၀၀ ဝန်းကျင်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အိမ်ရှေ့ဧည့်ခန်းထောင့်တစ်နေရာမှ လှပသော ဆေးရေးပန်းနှင့် အိမ်ရှင်၊ ဧည့်သည်အားလုံးအတွက် အေးမြစေသော တွံတေးသောက်ရေအိုးကလေးများ မြင်ကွင်းမှ ပျောက်ကွယ်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယခုအခါ တွံတေး မြေရေစစ်အိုးကလေးများသည် ခေတ်နှင့်အညီ ပလတ်စတစ်နှင့် တွဲဖက်ရသော်လည်း အေးမြမှု၊ သန့်ရှင်းမှုများပေးလျက် ပျောက်ကွယ်လုဆဲဆဲ တွံတေးသောက်ရေအိုးကလေးများ၏ အငွေ့အသက်ကို ဆောင်လျက်ရှိပါကြောင်း။ ။

**သတင်း-နေသန်**

**ဓာတ်ပုံ-မျိုးလှိုင်(တွံတေး)**




# ပုသိမ်၌ ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၁၇**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် ရွာသစ်ကုန်း- အနန်းပင်- ငှက်ချေးချောင်း ကျေးရွာနှင့် မကျီးကုန်းကျေးရွာတို့၌ ကျောက်ချောခင်းခြင်း လုပ်ငန်းနှင့် သောက်သုံးရေအတွက် တွင်းနက်တူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပုသိမ်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းတို့အား ငွေကျပ် သန်း ၁၁၀ ဒသမ ၂၀ အကုန်အကျခံ ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက အနီးပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး သန့်ရှင်းသော သောက်သုံးရေများ ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။ **(ကြေးမုံ)**

# ကျုံပျော်၌ တိုင်းရင်းဆေးဝါးများ အခမဲ့ကွင်းဆင်းကုသပေး

**ကျုံပျော် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနက အပတ်စဉ် စနေနေ့တိုင်း အောင်ဆန်းရပ်ကွက် ရွှေနံ့သာလမ်းရှိ ဆွမ်းလောင်းဓမ္မာရုံ၌ ပြည်သူများအား တိုင်းရင်းဆေးဝါးများ အခမဲ့ ကွင်းဆင်းကုသ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးဝါးကုသမှုကို တိုင်းရင်းဆေးဦးစီးမှူး ဒေါ်ခိုင်ခိုင်ဝေဦးဆောင်သည့် ဝန်ထမ်းများက ကုသိုလ်ဖြစ် ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးဝါးကုန်ကျမှု စရိတ်များကို ဆေးပဒေသာပင် အလှူရှင်များနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့က ပူးပေါင်း၍ လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ဆေးဝါးကုသရာသို့ မြို့ပေါ်ရပ်ကွက်များရှိ နာမကျန်းသူများသာမက ကျေးရွာများမှ လေငန်း၊ အကြောရောဂါဖြစ်ပွားသူများပါ လာရောက်ကုသမှုခံယူလျက်ရှိကြပြီး အပတ်စဉ် အခမဲ့ကုသ ဆောင်ရွက်ပေးနေမှုကြောင့် ပိုမိုအဆင်ပြေကြကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# မိတ္ထီလာကန်ကူးတံတား တိုးချဲ့တည်ဆောက်



**နေပြည်တော် ဇန်နဝါရီ ၁၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း(နေပြည်တော်-မန္တလေးအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး သီးကုန်းမှတစ်ဆင့် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ တည်ဆောက်နေသော မိတ္ထီလာကန်ကူးတံတား တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာကန်ကူးတံတား လေးလမ်းသွားတံတား တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ Bored Pile လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ကျောက်ပန်းတောင်းဘက်ကမ်း A2 မှ P7 ကြား 100' PC Girder တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တည်ဆောက်ပြီးတံတားပေါ်မှ မိတ္ထီလာကန်ရေပြင်နှင့် တံတားကြီး သပ်သပ်ရပ်ရပ်သာယာလှပတင့်တယ်ရေး၊ မိတ္ထီလာမြို့တွင်းနှင့် တံတားအဝင်-အထွက် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ထားရှိရမည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ယင်းနောက် လမ်းဦးစီးဌာန မိတ္ထီလာခရိုင်မှ ကြီးကြပ်ဆောင်ရွက်သော ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၃၃၀/၄) (ရွှေဘုန်းပွင့်ဘုရား)မှ မိုင်တိုင်(၃၄၉/၃) (သပြေဝတိုးဂိတ်ထိ) စုစုပေါင်း အရှည် ၁၄ မိုင် ၄ ဖာလုံရှိ မိတ္ထီလာမြို့ရှောင်လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ၉ မိုင် ၂ ဖာလုံ နှင့် ယုဇနကုမ္ပဏီမှဆောင်ရွက်သော ၅ မိုင် ၂ ဖာလုံ အပိုင်းတို့၏ လမ်းအခြေအနေနှင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းပေါ်ရှိ မိတ္ထီလာကန်ကူးတံတား လေးလမ်းသွား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်(၃၃၀/၄)(ရွှေဘုန်းပွင့်ဘုရား)မှ မိုင်တိုင်(၃၄၉/၃) (သပြေဝတိုးဂိတ်ထိ)အရှည် ၁၄ မိုင် ၄ ဖာလုံရှိ မိတ္ထီလာမြို့ရှောင်လမ်းတို့ပြီးစီးသွားပါက မိတ္ထီလာမြို့တွင်းလမ်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုတို့ကို တစ်ဖက်တစ်လမ်းမှ ဖြေလျှော့ပေးနိုင်မည်ဖြစ်ပြီး ခရီးသွားပြည်သူများလည်း စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုဘယ်-မြန်မာစာပေပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ၊ စာပေချစ်သူများဖြင့်စည်ကား

**ရန်ကုန် ဇန်နဝါရီ ၁၇**


ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ MYANMAR EVENT PARK ၌ သုံးရက်ကြာ ကျင်းပလျက်ရှိသည့် နိုဘယ်-မြန်မာစာပေပွဲတော်(၂၀၁၆) ဒုတိယနေ့ကို ဆက်လက်ကျင်းပလျက်ရှိသည်။

ဒုတိယနေ့ အစီအစဉ်များကို နံနက် ၁၀ နာရီမှ စတင်ကာ သတ်မှတ်ရာစင်မြင့်များ၌ မြန်မာပုံပြောအဖွဲ့များ၏ ပုံပြောခြင်း အစီအစဉ်၊ စာရေးဆရာများ၏ အခွင့်အရေးများအကြောင်း အလုပ်ရုံဆွေးနွေးပွဲများ၊ နိုင်ငံတကာမှ ဧည့်သည်စာပေပညာရှင်များနှင့် မြန်မာစာရေးဆရာများက နိုင်ငံတကာကလေးစာပေစာအုပ်များကို အင်္ဂလိပ်-မြန်မာဘာသာပြန်ဆိုရွတ်ဖတ်သည့် အစီအစဉ်များ၊ လူထုဦးလှ၏ ကျေးဇူးစာပေဆွေးနွေးဝိုင်းများ၊ မူလတန်း၊ အလယ်တန်း ကလေးငယ်များ၏ ကဗျာရွတ်၊ စာဖတ်၊ ပုံပြောစွမ်းရည်ပြိုင်ပွဲများ ပြုလုပ်လျက်ရှိသည်။

စာအုပ်အရောင်းဆိုင်များမှ စာအုပ်များကို နှစ်အုပ်လျှင်ငွေကျပ် ၅၀၀၊ တစ်အုပ်လျှင် ငွေကျပ် ၅၀၀၊ ကလေးများအကြိုက် ပုံပြင်စာအုပ်များကို လေးအုပ်လျှင်ငွေကျပ် ၁၀၀၀၊ မိုဘိုင်းဖုန်းနှင့် တက်ဘလက်များတွင် အလွယ်တကူဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးထားခြင်း၊ e-book စိတ်ဝင်စားသူများအတွက်ပါ အမျိုးစုံလင်စွာဖြင့် ဝန်ဆောင်မှု ပေးထားခြင်းကြောင့် စာပေချစ်မြတ်နိုးသူ ကလေး၊ လူကြီး၊ အရွယ်စုံများဖြင့် စည်ကားလျက်ရှိသည်။

နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များ၊ ကျောင်းပေါင်းစုံမှ ကလေးများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ပြိုင်ပွဲများ၊ ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သော ကလေးစာပေဆိုင်ရာ လက်ရာပြခန်းများဖြင့် လာရောက်ကြည့်ရှုသူများကို ဆွဲဆောင်နေသည်။ ထို့ပြင် ရွေးချယ်စရာစုံလင်လှသောသုတ၊ ရသစာပေများ၊ ကလေးလူငယ်များအကြိုက် ဗဟုသုတဖြစ်ဖွယ် ပုံပြင်များ၊ ဗဟုသုတဖြင့် ပြည့်စုံသောစာအုပ်များကို စာအုပ်အရောင်းဆိုင်များမှ တစ်နေရာတည်းတွင် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချမှုများကြောင့် ဒုတိယနေ့တွင် စာပေချစ်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**(သတင်းစဉ်)**



**နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၆)အထိမ်းအမှတ် ဒုတိယနေ့အဖြစ် စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားစဉ်။** (ဓာတ်ပုံ-ဇော်မင်းလတ်)

### ❂ ကျောဖုံးမှ

ကင်ညာနိုင်ငံသူများကပင် ဆွတ်ခူးခဲ့သည်ဟု သိရသည်။

မာရသွန်ဝက်ပြိုင်ပွဲ Half Marathon အမျိုးသားပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံမှ လည်းကောင်း၊ ဒုတိယဆုကို မြန်မာနိုင်ငံမှ လည်းကောင်း၊ တတိယဆုကို မလေးရှားနိုင်ငံမှ လည်းကောင်း အသီးသီး ဆွတ်ခူးခဲ့သည်။ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံမှ လည်းကောင်း၊ ဒုတိယနှင့် တတိယဆုကို မြန်မာနိုင်ငံမှလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

၁၀ ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် ပထမဆုကို ကင်ညာနိုင်ငံက ရရှိခဲ့ပြီး အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုကို အမေရိကန်နိုင်ငံက ရရှိခဲ့သည်ဟု သိရသည်။ အပျော်တမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သူများစွာ ပါဝင်ခဲ့သည်။

ဆုချီးမြှင့်မှုတွင် ၄၂ ကီလိုမီတာ မာရသွန်ပြိုင်ပွဲ ပထမဆုကို အမေရိကန်ဒေါ်လာ ၂၇၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၁၄၀၀၊ တတိယဆုကို အမေရိကန်ဒေါ်လာ ၉၀၀ အသီးသီးချီးမြှင့်ခဲ့ပြီး ၂၁ ကီလိုမီတာ မာရသွန်ဝက်ပြိုင်ပွဲတွင် ပထမဆုကို အမေရိကန်ဒေါ်လာ ၁၆၀၀၊ ဒုတိယဆုကို အမေရိကန်ဒေါ်လာ ၉၀၀ နှင့် တတိယဆုကို အမေရိကန်ဒေါ်လာ ၅၀၀ အသီးသီးချီးမြှင့်ခဲ့သည်။ ၁၀ ကီလိုမီတာ စိန်ခေါ်ပြိုင်ပွဲကို အမေရိကန်ဒေါ်လာ ၈၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရိုးမမာရသွန်ပြိုင်ပွဲကို " Run for Children" ဟူသော ရည်ရွယ်ချက်ခေါင်းစဉ်ဖြင့် ပြိုင်ပွဲမှ ရရှိသော ရန်ပုံငွေများကို လှူဒါန်းမှုအစီအစဉ်တစ်ရပ်အနေဖြင့် ဆုတောင်းပြည့် လူငယ်ဖွံ့ဖြိုးရေးကျောင်းနှင့် အောင်ဇမ္ဗူလူငယ်ဖွံ့ဖြိုးရေးကျောင်းတို့တွင် ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။အဆိုပါ သင်တန်းကျောင်းများသည် တိုင်းရင်းသား ပဋိပက္ခများဖြစ်ပွားရာနေရာဒေသမှ မိဘမဲ့ကလေးငယ်များအတွက် ပညာရေးနှင့် နေထိုင်စားသောက်ရေးတို့အတွက် အထောက်အပံ့များ ပေးလျက်ရှိကြောင်း သိရသည်။ ယခုနှစ်တွင် ယခင်နှစ်အတိုင်း လူမှုကူညီထောက်ပံ့ရေး ပရဟိတ သံတမန်များအဖြစ် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နှင့် Lung Sitt Ja Moon(အမွန်း)တို့က ဆက်လက်ပါဝင်ခဲ့သည်။

ရိုးမမာရသွန်ပြိုင်ပွဲကို Yoma Strategic Holdings Ltd နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ပါဝင်ကူညီသည့် ကုမ္ပဏီများလည်း အားဖြည့်ပါဝင်ခဲ့ကာ နိုင်ငံတကာဖိတ်ခေါ် မာရသွန်အားကစားများ၊ ပြည်တွင်းမှ အားကစားသမားများနှင့် စေတနာ့ဝန်ထမ်းများ၊ ပရဟိတ ပါဝင်ဆောင်ရွက်ကြသူများ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**(၀၀၁)**

### ❖ ပြည်လမ်းမှ

ပြင်ဆင်ဆောင်ရွက်နေတဲ့အတွက် ဒါတွေကို အချိန်ပေးပြင်ဆင်နေပါတယ်။ ဒီဇန်နဝါရီလထဲမှာတော့ စမ်းသပ်ပြေးဆွဲနိုင်အောင်တော့ ကြိုးစားပါမယ်။ လောလောဆယ် ခုံးကျော်တံတားစီမံကိန်းတွေရှိတာရယ်၊ ကတ်စနစ်နဲ့ ငွေပေးချေမှုစနစ်ကလည်း အချိန် သုံးပတ်လောက် ယူထားတဲ့အတွက် တံတားတွေအပြီးလောက်နဲ့ အတော်ပဲဖြစ်ပါလိမ့်မယ်။ BRT လမ်းကြောင်းပေါ်မှာရှိတဲ့ ခုံးကျော်တံတားနှစ်စင်းကလည်း ဖေဖော်ဝါရီမှာဖွင့်ဖို့ ရည်မှန်းထားတော့ စတင်ပြေးဆွဲတဲ့အခါမှာ ပြည်လမ်းပေါ်မှာ စတင်ပြေးဆွဲဖို့ လျာထားပါတယ်” ဟု BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲနိုင်ရန် ဦးဆောင်အကောင်အထည်ဖော်ဆောင်ရွက်နေသူ ဒေါက်တာမောင်အောင်က ပြောသည်။

ရန်ကုန်မြို့တွင် BRT စနစ်ဖြင့် ဘတ်စ်ကားပြေးဆွဲမည့်လမ်းကြောင်းကို ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့ကို ရွေးချယ်ထားရာ အဆိုပါလမ်းကြောင်းပေါ်တွင် တည်ဆောက်နေသော ကုက္ကိုင်းခုံးကျော်တံတားနှင့် ရှစ်မိုင်လမ်းဆုံခုံးကျော်တံတားတို့မှာ ပြီးစီးတော့မည်ဖြစ်ပြီး အမြန်ဘတ်စ်ကားလိုင်းစနစ်သည်လည်း စတင်ပြေးဆွဲနိုင်တော့မည်ဟု သိရသည်။

ယင်းသို့ ဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရန်အတွက် နိုင်ငံတော်မှ မတည်ရင်းနှီးငွေနှင့် အများပြည်သူတို့၏ ထည့်ဝင်ငွေတို့ဖြင့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီကိုလည်း ထူထောင်ထားပြီး အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သိန်းနှုန်းဖြင့်လည်း အများပြည်သူတို့၏ ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်လျက်ရှိသည်ဟု သိရသည်။ အဆိုပါ ဘတ်စ်ကားလိုင်းစနစ်ကို ယာဉ်အစီးရေ ၆၀ ကျော်ဖြင့် ပြေးဆွဲသွားရန် စီစဉ်လျက်ရှိသည်ဟု သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့၏ အများပြည်သူသယ်ယူပို့ဆောင်ရေးအပိုင်း အားနည်းမှုများစွာရှိနေပြီး ဆိုးရွားသော ယာဉ်ကြောကျပ်တည်းမှုများကြောင့် ဘတ်စ်ကားပြေးဆွဲမှုများတွင် ဝင်ငွေလျော့ကျလာမှုများရှိကာ နေ့စဉ်ထွက်ကားများလည်း လျော့ကျလာကြောင်း ဘတ်စ်ကားပြေးဆွဲနေသူ ယာဉ်ပိုင်ရှင်များနှင့် ယာဉ်လုပ်သားများက ပြောသည်။

ယင်းကြောင့် ယင်းသို့သော အခြေအနေမျိုးတွင် အများပြည်သူဝန်ဆောင်မှုဖြစ်သော အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်ရန် လိုအပ်နေပြီဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ယာဉ်သွားလာမှုစနစ်ကျစေရန်နှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း မြို့ပြရေးရာကျွမ်းကျင်သူများက ပြောသည်။ ရန်ကုန်မြို့၏ ယာဉ်သွားလာရေးစနစ်သည် ဘက်ပေါင်းစုံမှ အဖြေရှာဆောင်ရွက်ရမည့် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် ယာဉ်သွားလာမှုစနစ်နှင့် ကိုက်ညီမှုမရှိသော ယာဉ်များ၊ ခရီးသည် သယ်ဆောင်ပြေးဆွဲရန် မသင့်တော်သောယာဉ်များနှင့် အဆင်ပြေသလို ဖြေရှင်းခဲ့သည့် ရေတိုနည်းလမ်းများကို ရေရှည်စနစ်ကျသော သယ်ယူပို့ဆောင်ရေးစနစ်၊ မှန်ကန်သော ယာဉ်သွားလာမှုစနစ်များကို အကောင်အထည်ဖော်သင့်သည်ဟု မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူတစ်ဦးက သုံးသပ်သည်။

BRT စနစ်ဖြင့် ခရီးသည် သယ်ယူပို့ဆောင်မှုကို နိုင်ငံတကာ မြို့ပြများတွင် အသုံးပြုဆောင်ရွက်လျက်ရှိပြီး သီးသန့်ဘတ်စ်ကားသွား ယာဉ်လမ်းကြောင်း သတ်မှတ်ကာ ခရီးသည်အများအပြားကို ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချလျင်မြန်စွာ သယ်ယူပို့ဆောင်သည့်စနစ်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အားနည်းသော မြို့ပြနိုင်ငံများတွင် နိုင်ငံတကာတွင် အသုံးပြုနေသော အဆိုပါစနစ်ကို အပြည့်အဝအသုံးပြုမှုများရှိသလို ယာဉ်လမ်းကြောင်း သီးသန့်ထားရှိနိုင်ခြင်းမရှိဘဲ အခြားသော ယာဉ်များသွားလာမှုနှင့် ရောထွေးကာ ပြေးဆွဲနေမှုများလည်းရှိသည်ဟု သိရသည်။ ယင်းသို့ မည်သည့်စနစ်ဖြင့် အကောင်အထည်ဖော်သည်ဖြစ်စေ စနစ်မကျသော ယာဉ်သွားလာမှုများနှင့် စည်းကမ်းမဲ့မောင်းနှင်ရပ်တန့်မှုများကို ကြပ်မတ်ကာ ကောင်းမွန်သော အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်သည်ဟု ရန်ကုန်မြို့ပြရေးရာ သုတေသီများက ဝေဖန်လျက်ရှိသည်။

# အိန္ဒိယတွစ်တာစာမျက်နှာတွင် ထောက်ခံအားပေးသူ ဒုတိယအများဆုံး ဝန်ကြီးချုပ် မိုဒီဖြစ်လာ

**နယူးဒေလီ ဇန်နဝါရီ ၁၇**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် အိန္ဒိယတွစ်တာစာမျက်နှာလောကတွင် ထောက်ခံအားပေးသူ(နောက်လိုက်)ဒုတိယအများဆုံးလူဖြစ်လာကြောင်း ဒေသခံသတင်းမီဒီယာများက ဇန်နဝါရီ ၁၇ ရက်တွင် ရေးသားဖော်ပြသည်။


မိုဒီ၏ တွစ်တာစာမျက်နှာတွင် ယခုလောလောဆယ် ထောက်ခံအားပေးသူ ၁၇၃၇၁၆၀၀ ရှိပြီး ထောက်ခံအားပေးသူ ၁၈ ဒသမ ၉ သန်းနီးပါးရှိသည့် ဘောလိဝုဒ်အကျော်အမော် အမိတာဘက်ချန်းနောက် ဒုတိယအများဆုံးလူအဖြစ် ရပ်တည်လျက်ရှိကြောင်း အင်န်ဒီတီဗွီ ရုပ်သံလိုင်းက ပြောကြားသည်။

အွန်လိုင်းတွင် မိုဒီ၏ တွစ်တာစာမျက်နှာကို ထောက်ခံအားပေးသူများသည် နှစ်လလျှင် တစ်သန်းနီးပါးနှုန်းဖြင့် တိုးမြင့်လာလျက်ရှိသည်။ မိုဒီသည် ၂၀၀၉ ခုနှစ်တွင် တွစ်တာကို စတင်သုံးစွဲခဲ့ပြီး အိန္ဒိယနိုင်ငံ၏နိုင်ငံရေးသမားများအနက် ထောက်ခံအားပေးသူအများဆုံးဖြစ်ပြီး ကမ္ဘာ့နိုင်ငံရေးသမားများအနက် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနောက် ဒုတိယအများဆုံးလူဖြစ်ကြောင်း ရုပ်သံလိုင်းက ဆက်လက်ပြောကြားသည်။

မိုဒီသည် တွစ်တာစာမျက်နှာတွင်(Make In India)အိန္ဒိယတွင် လုပ်သည်၊ (Clean up India ) အိန္ဒိယကို သန့်ရှင်းစို့၊ ရေဒီယိုမိန့်ခွန်းများ စသည်တို့ဖြင့် ဦးဆောင်လှုပ်ရှားမှုများ ပြုလုပ်သကဲ့သို့ ၎င်း၏သမီးနှင့် ဆယ်ဖီဓာတ်ပုံများရိုက်တင်ခြင်း၊ နိုင်ငံသားများနှင့် ဆက်သွယ်မှုပြုခြင်းများ ပြုလုပ်လေ့ရှိသည်။ **ဆင်ဟွာ။**



**အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီနှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့ ဆယ်ဖီဓာတ်ပုံရိုက်ကူးနေစဉ်။**




# အာရှအခြေခံအဆောက်အအုံ ရင်းနီးမြှုပ်နှံရေးဘဏ် ဖွင့်ပွဲအခမ်းအနား တရုတ်သမ္မတ ရှီကျင့်ဖျင် တက်ရောက်

**ပေကျင်း ဇန်နဝါရီ ၁၇**

အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေးဘဏ်(အေအိုင်အိုင်ဘီ)ဖွင့်ပွဲ အခမ်းအနားကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပကြောင်း ယနေ့ ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ကမ္ဘာ့စီးပွားရေးအုပ်စိုးမှုစနစ်တွင် ပြုပြင်ပြောင်းလဲရေးပြုလုပ်သည့် သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် အေအိုင်အိုင်ဘီဘဏ်ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဘဏ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် မူလအဖွဲ့ဝင် ၅၇ နိုင်ငံတို့မှ ကိုယ်စားလှယ်များ ပေကျင်းသို့ စုဝေးရောက်ရှိခဲ့ကြသည်။

ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပသော အေအိုင်အိုင်ဘီဘဏ်ဖွင့်ပွဲ အခမ်းအနားတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က မိန့်ခွန်းပြောကြားခဲ့သည်။

အေအိုင်အိုင်ဘီဘဏ် အုပ်ချုပ်ရေးဘုတ်အဖွဲ့၏ ပထမဆုံးသောဥက္ကဋ္ဌအဖြစ် တရုတ်ဘဏ္ဍာရေးဝန်ကြီး လူကျီဝေအား ရွေးချယ်တင်မြှောက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းဘဏ်၏ ပထမဆုံးသောဥက္ကဋ္ဌကိုမူ ကျင်လီကျန်အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ **ဆင်ဟွာ။**

# ၁၉၉၂ ခုနှစ် သဘောတူညီချက်ကို လေးစားလိုက်နာရန် တရုတ်(တိုင်ပေ)အား တိုက်တွန်းသည့်ကြေညာချက်ထုတ်ပြန်

**ပေကျင်း ဇန်နဝါရီ ၁၇**

တရုတ်(တိုင်ပေ)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၉၉၂ ခုနှစ်က ရရှိခဲ့သော သဘောတူညီချက်အတိုင်း လေးစားလိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ တရုတ်(တိုင်ပေ)လုပ်ငန်းဆိုင်ရာရုံးနှင့် နိုင်ငံတော်ကောင်စီ တရုတ်(တိုင်ပေ)ရေးရာရုံးတို့က ဇန်နဝါရီ ၁၆ ရက် နှောင်းပိုင်းကထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တရုတ်(တိုင်ပေ)၌ ဒီမိုကရက်တစ်တိုးတက်ရေးပါတီ(ဒီပီပီ)၏ကိုယ်စားလှယ် ဆိုင်းအင်ဝမ်နှင့် ၎င်း၏ပါတီတို့ သမ္မတရွေးကောက်ပွဲနှင့် ပါလီမန်ရွေးကောက်ပွဲတို့တွင် အနိုင်ရရှိခဲ့ပြီးနောက် အဆိုပါကြေညာချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ)၏ ခေါင်းဆောင်သစ်ဖြစ်လာမည့် ဆိုင်းအင်ဝမ်သည် ပြိုင်ဘက်ကိုယ်စားလှယ်လောင်း အဲရစ်ချူးနှင့် ပြည်သူ့ပထမပါတီ (ပီအက်ပီ)ဥက္ကဋ္ဌ ဂျိမ်းဆောင်းတို့အပေါ် အနိုင်ရရှိခဲ့သည်။ ၁၉၉၂ ခုနှစ်ကရရှိခဲ့သော သဘောတူညီချက်သည် တရုတ်တိုင်ပေ ရွေးကောက်ပွဲရလဒ်ကြောင့် ပြောင်းလဲသွားနိုင်မည်မဟုတ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၁၉၉၂ ခုနှစ် သဘောတူညီချက်ကို တစိုက်မတ်မတ်လိုက်နာမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)လွတ်လပ်ရေးကိုဦးတည်သော မည်သည့်ခွဲထွက်ရေးလှုပ်ရှားမှုများကိုမဆို လုံးဝလက်ခံမည်မဟုတ်ကြောင်း ကြေညာချက်၌ဖော်ပြထားသည်။ **ဆင်ဟွာ။**

# ဆီးရီးယားနိုင်ငံအရှေ့ဘက်ရှိ ဒီရိုင်အယ်ဇာမြို့ကို အိုင်အက်စ်တို့ဝင်ရောက်စီးနင်း၊ လူ ၄၀၀ ကျော် ဖမ်းဆီးခေါ်ဆောင်

**ဒမတ်စကတ် ဇန်နဝါရီ ၁၇**

ဆီးရီးယားနိုင်ငံအရှေ့ဘက် ဒီရိုင်အယ်ဇာမြို့ရှိ အစိုးရအုပ်ချုပ်သော နယ်မြေအများအပြားကို အိုင်အက်စ်စစ်သွေးကြွများက ဇန်နဝါရီ ၁၆ ရက်က ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး အရပ်သား ၄၀၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

အဆိုပါဖမ်းဆီးခံရသူများတွင် ဆီးရီးယားစစ်သားများ၏ မိသားစုဝင်များပါဝင်ခဲ့ကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

"ဓားစာခံတွေအနေနဲ့ အိုင်အက်စ်တွေ ပစ်သတ်မှာကို ကြောက်ရွံ့နေကြပါတယ်။ အိုင်အက်စ်တွေက အခြားဒေသတွေမှာ ဓားစာခံတွေကို အရှင်မထားဘဲ ပစ်သတ်ထားတော့ သူတို့လည်း ပစ်သတ်ခံရမှာကို ကြောက်ကြတာပေါ့"ဟု ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ ခေါင်းဆောင် ရာမီ အဘူဒယ်ရာဟမ်က ဆိုသည်။

ဒီရိုင်အယ်ဇာမြို့သည် ဆီးရီးယား၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အီရတ်ရှိ စစ်သွေးကြွများ ထိန်းချုပ်ထားသော နယ်မြေနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည်။

အဆိုပါစီးနင်းတိုက်ခိုက်မှုတွင် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူ ၃၀၀ အနည်းဆုံးသေဆုံးခဲ့ပြီး ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူအရေအတွက်ကိုမူ အတိအကျမသိရှိရသေးကြောင်း ဆီးရီးယားသတင်းအေဂျင်စီတစ်ခုဖြစ်သည့် ဆာနာက အစောပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများက ယခုကဲ့သို့ ဒီရိုင်အယ်ဇာမြို့အား ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်းကို ဆီးရီးယားအစိုးရက ရှုတ်ချခဲ့ပြီး လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအဖြစ် ဖော်ပြခဲ့ကြောင်းသိရသည်။ **ရိုက်တာ။**



# နျူကလီးယားသဘောတူညီချက်ပါ ကတိကဝတ်များကို အီရန်လိုက်နာဟု ကုလထောက်ခံ

**ကုလသမဂ္ဂ ဇန်နဝါရီ ၁၇**

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့်ရရှိခဲ့သော နျူကလီးယားသဘောတူညီချက်ပါ ကတိကဝတ်များအတိုင်း အီရန်နိုင်ငံက လိုက်နာဆောင်ရွက်သည်ဟု ကုလသမဂ္ဂနျူကလီးယားလေ့လာစောင့်ကြည့်ရေးအဖွဲ့အစည်းက ထောက်ခံအတည်ပြုထားသော အစီရင်ခံစာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇန်နဝါရီ ၁၆ ရက်တွင် လက်ခံရရှိခဲ့ကြောင်း၊ အဆိုပါအစီရင်ခံစာပါ ထောက်ခံချက်အရ အီရန်နိုင်ငံအပေါ် ချမှတ်ခဲ့သည့် အရေးယူဒဏ်ခတ်မှုအများစုကို အလိုအလျောက် ရုပ်သိမ်းပေးရာရောက်ကြောင်း သံတမန်များက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားကြသည်။

နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ အစီရင်ခံစာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများအား ဖြန့်ဝေပေးလိုက်ပြီဖြစ်ကြောင်း ဇန်နဝါရီလအတွက် ကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ဥရုဂွေးနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီး အယ်လ်ဘီယိုရိုဆဲလီက ပြောကြားသည်။

အီရန်နိုင်ငံဆိုင်ရာ နျူကလီးယားသဘောတူညီချက်ကို ယင်းနိုင်ငံက အကောင်အထည်ဖော်ခြင်းအတွက် မိမိချီးကျူးဂုဏ်ယူမိပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။ **ရိုက်တာ။**

# မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ဆွစ်ဇာလန်နိုင်ငံ**

ဆွစ်ဇာလန်နိုင်ငံသမ္မတ မစ္စတာဂျိုဟန်း ရှနိုင်းဒါက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဆွစ်ဖက်ဒရယ်ကောင်စီကိုယ်စား မြန်မာနိုင်ငံ သာယာဝပြောစေရန်နှင့် အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာပို့သပါသည်။

မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အဆွေတော်၊ မြန်မာပြည်သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အဖွဲ့အစည်းများအားလုံးအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

မိမိတို့နှစ်နိုင်ငံကြားတည်ရှိသည့် အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုသည် အနာဂတ်တွင် ဆက်လက်တိုးတက်နေမည်ဟု ယုံကြည်ပါသည်။

**ပိုလန်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်နိုင်ငံနှင့် မိမိအနေဖြင့် အဆွေတော်အား ရင်းနှီးနွေးထွေးစွာ နှုတ်ခွန်းဆက်သပါကြောင်း ပိုလန်သမ္မတ မစ္စတာ အန်ဒရစ်ဒူဝါက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သဝဏ်လွှာပေးပို့သည်။

ပိုလန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်တိုးတက်လျက်ရှိသော ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲခြင်းနှင့် နိုင်ငံတကာသို့ ပွင့်လင်းလျင်မြန်စွာ ဆက်ဆံမှုများပြုလုပ်လာနိုင်ခြင်းတို့ကို စောင့်ကြည့်လေ့လာကာ လေးစားထောက်ခံအားပေးပါသည်။ မြန်မာပြည်သူများ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ခေတ်မီသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလမ်းစဉ်တွင် အောင်မြင်မှုများ ရရှိစေရန် ဆန္ဒပြုပါသည်။

မိမိအနေဖြင့် အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံကြား အောင်မြင်တိုးတက်သော ဆက်ဆံရေးကို ကျေနပ်ဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံရေးနှင့် စီးပွားရေးနယ်ပယ်နှစ်ခုလုံးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအရှိန်မြင့်လာနိုင်မည်ဟု မျှော်လင့်မိပါသည်။

**ဖင်လန်သမ္မတနိုင်ငံ**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဖင်လန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဆူလီနီနစ်စ်တိုက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြလိုပါသည်။

**မော်ရီတေးနီးယားအစ္စလာမ္မစ်သမ္မတနိုင်ငံ**

မြန်မာနိုင်ငံလွတ်လပ်ရေးနေ့ အချိန်အခါတွင် မိမိအနေဖြင့် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသော မြန်မာပြည်သူများ ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မော်ရီတေးနီးယားအစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မိုဟာမက် အူးလ် အဗ္ဗဒဲလ်အဇစ်က သဝဏ်လွှာပေးပို့သည်။

အခါအခွင့်ကြုံခိုက် မိမိတို့နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန် တည်ရှိပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြု အပ်ပါသည်။

**တူရကီသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် တူရကီပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း တူရကီသမ္မတ ရီချက်တာယစ် အက်ဒိုဂမ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သဝဏ်လွှာပေးပို့သည်။

မြန်မာနှင့် တူရကီနှစ်နိုင်ငံကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို အခြေခံ၍ နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ခင်မင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ အပြန်အလှန်မြှင့်တင်ခြင်းဖြင့် ဆက်လက်တိုးတက်စေမည်ဟု ယုံကြည်ပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ သာယာဝပြောတိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

**ကျူးဘားသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်အား လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာဟူးလ် ကက်စထရို ရုဇ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ သဝဏ်လွှာပေးပို့သည်။



## ဆောက်လုပ်ရေးပစ္စည်းပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ၏ ခေတ်နှင့်အညီ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းပိုင်းဆိုင်ရာကို တိုက်ရိုက်အထောက်အကူပြုနိုင်မည့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာပစ္စည်း နှစ်သစ်ကူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့တော်ဝင်းဂါးဟိုတယ်၌ ဇန်နဝါရီ ၁၅ရက်က ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

ပြပွဲတွင် စင်ကာပူနိုင်ငံမှ ထုတ်လုပ်သည့် ခေတ်မီစက်ကိရိယာ အသစ်များအပြင် Band Saw, Lithium Ion Bettery Cordless Drill များနှင့် ခေတ်မီသစ်ဖြတ်စက်များ စသည့် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ ပစ္စည်းများပြသခဲ့သည်။

"ကျွန်တော်တို့ ဒီဆောက်လုပ်ရေးဆိုင်ရာပြပွဲနှင့် မိတ်ဆက်ပွဲကို ကျင်းပပေးတဲ့ရည်ရွယ်ချက်ကတော့ မြန်မာပြည်တွင်းဆောက်လုပ်ရေးလုပ်ကိုင်တဲ့သူတွေ ခေတ်နဲ့အညီ လုပ်ငန်းခွင်တွေမှာ အသုံးပြုတတ်စေဖို့ အဓိကရည်ရွယ်တာဖြစ်ပါတယ်။ အခုဆိုရင် ဒီမှာခေတ်နဲ့အညီ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ ပစ္စည်းဆန်းတွေကို တွေ့ရှိရမှာဖြစ်ပါတယ်" ဟု ယင်းပြပွဲကို ဦးဆောင်သည့် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြပွဲအခမ်းအနားသို့ ပြည်တွင်း၊ ပြည်ပမှ ဆောက်လုပ်ရေးပိုင်းဆိုင်ရာ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များ၊ စိတ်ဝင်စားသူပြည်သူများ တက်ရောက်ကြပြီး ဆောက်လုပ်ရေးပိုင်းဆိုင်ရာ ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုကြသည်။ ယင်းပြပွဲတွင် ဆောက်လုပ်ရေးပိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ၁၀ ရာခိုင်နှုန်းလျှော့၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

❖

## ဗန်းမောက်မြို့နယ်အတွင်း တရားမဝင်ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးလျက်ရှိ



**ဗန်းမောက် ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်သည် သဘာဝအရင်းအမြစ်များ ပြည့်စုံကြွယ်ဝသော မြို့နယ်ဖြစ်ရာ အဖိုးတန်ကျွန်းသစ်နှင့် သစ်မျိုးစုံထွက်ရှိပြီး မြေအောက်သယံဇာတ ရွှေသတ္တုများလည်း ထွက်ရှိကြောင်း သိရသည်။ မြေပေါ်မြေအောက် သယံဇာတများကို စည်းကမ်းတကျ ထုတ်ယူမှုမရှိခြင်းတို့ကြောင့် ဒေသအတွင်း လယ်ယာမြေနှင့် သစ်တောပြုန်းတီးမှုများအပြင်ချောင်း၊ လူနှင့် တိရစ္ဆာန်တို့ ရေမြောင်းများအတွင်းမှ သောက်သုံးရေအဖြစ်အသုံးပြုနိုင်မှု နည်းပါးလာပြီဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

ဗန်းမောက်မြို့နယ်၏ သစ်တောကြီးထဲတွင် ထူးခြားသော ဇလုံတောင်မှာ အံ့ဖွယ်နေရာတစ်ခုဖြစ်ပြီး ထိုတောင်ပေါ်မှ သဘာဝသစ်တောကြီးများကို ရင်သပ်ရှုမောဖွယ် ရှုမြင်နိုင်မည်ဖြစ်ပါသည်။ ဇလုံတောင်သို့ ပြည်တွင်းဘုရားဖူးများအပြင် နိုင်ငံခြားသားများပါ လာရောက်လည်ပတ်ကြကြောင်း ဗန်းမောက်မြို့နေ ဦးထွန်းထွန်းက ပြောသည်။

ဗန်းမောက် မြို့နယ်အတွင်း ကျောက်ရွှေတူးဖော်ခြင်းနှင့် မြုန်းရွှေတူးဖော်ခြင်းလုပ်ငန်းများကို ကုမ္ပဏီများအပြင် တရားမဝင်ရွှေတူးဖော်ခြင်းများ၊ လယ်ယာမြေနှင့် သစ်တောကြိုးဝိုင်းများအတွင်း တူးဖော်လျက်ရှိကြောင်း ဒေသခံများထံမှသိရသည်။

"ကျွန်တော်တို့ ကုမ္ပဏီကကျောက်ရွှေတူးတာဖြစ်ပြီး အနက်ပေ ၂၅၀ ကျော်ပြီဖြစ်ပါတယ်။ ပေ ၁၀၀ တွင် လိုဏ်ခေါင်းတစ်ခု၊ ပေ ၁၅၀ တွင် လိုဏ်ခေါင်းတစ်ခု၊ ပေ ၂၅၀ တွင် လိုဏ်ခေါင်းတစ်ခုတို့ကို တူးဖော်နေပါတယ်။ နေ့ဆိုင်း၊ ညဆိုင်းအဖြစ် လုပ်သားအင်အား ၄၀ ခန့်ဖြင့် လုပ်ဆောင်လျက်ရှိပါတယ်"ဟု စုံးတော်ကျေးရွာအုပ်စုအတွင်း ကျောက်ရွှေတူးဖော်လျက်ရှိသော ကုမ္ပဏီမှ လုပ်သားတစ်ဦးက ပြောသည်။

"ကျွန်တော်တို့က ကုမ္ပဏီလုပ်ကွက်အတွင်းကတစ်ဆင့် အစုစားအဖြစ် ကျောက်ရွှေတူးဖော်တာဖြစ်ပါတယ်။ ရွှေသတ္တုရောနေတဲ့ ကျောက်တွေကို အရင်ကြိတ်ရပါတယ်။ ချက်ကန်ထဲထည့်ပြီး ထုံးနဲ့ ရောရပါတယ်။ အဲဒီတုန်းက ကျောက်သဲထဲပါတဲ့ အချဉ်ဓာတ်တွေကို ဖျက်ပေးတာဖြစ်ပြီး ရေလဲပြီးပါက ဆာရာနိုက်၊ ကော့စတစ်တို့ကို အချိုးချ ရောစပ်ရေလဲရပါတယ်။ PH အချိုးကျပါက ကာဗွန်နဲ့ ချိတ်ရပါတယ်။ ကာဗွန်ချောင်းထဲတွင် ရွှေမှုန်များ ညိကပ်စွဲယူထားပြီး ရွှေအဖြစ် ထုတ်ယူရပါတယ်"ဟု စုံးတော်ကျေးရွာအုပ်စုအတွင်း လာရောက်လုပ်ကိုင်သော ရွှေလုပ်သားတစ်ဦးက ပြောသည်။ "ချက်ကန်ဆေးရေတွေကိုတော့ လုပ်ကွက်အနီးနားမှာရှိတဲ့ကျင်းတွေထဲ စွန့်ပစ်ပါတယ်"ဟုအဆိုပါ ရွှေလုပ်သားက ဆက်လက်ပြောသည်။

"ကျွန်တော်တို့ မဲဇာမြစ်ကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း တောင်တန်းကြီးများမှ စတင်ကာ ဗန်းမောက်မြို့နယ် ဘူးတောင်းရွာတောင်သုံးလုံးမှ စီးဆင်းလာရာ နန့်ဟယ်ချောင်း၊ လယ်ဦး၊ ထီးတော်လိုင်၊ဟဲချိန်၊ ပန်းတော၊ ပါတက်၊ ပေကုန်း၊ မို့တောင်၊ ခေါပုတ်ချောင်း၊ နားယကာချောင်း၊ တောင်ချောင်း၊ ပေါက်ချောင်းများအတွင်း ချောင်းဘေးမှ လယ်ယာမြေအချို့တို့ကို ဒေသခံများထဲတွင် တစ်ဧကကျပ်သိန်း ၅၀ မှ ၁၀၀ ကျော်အထိ ပေးဝယ်ကာ ရွှေတူးဖော်နေကြတယ်။ ရွှေတူးဖော်မှုဟာ ယခင်ကလို မဟုတ်တော့ဘဲ စက်ယန္တရားတွေနဲ့ပါ တူးဖော်နေကြ၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ မြန်ဆန်လာပါတယ်"ဟု ဟဲချိန်ရွာမှ ကိုစန်းက ပြောသည်။ **(မောင်ချစ်လင်း)**

# နိုင်ငံသားတိုင်း၏ တာဝန်ကြီးတစ်ရပ်ဖြစ်လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး

**အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည် (သစ်တောတက္ကသိုလ်)**

*(ယမန်နေ့မှအဆက်)*

**နိုင်ငံသားတစ်ဦး နေ့စဉ်ပြုမူဆောင်ရွက်ရန်**

(၁) နံနက်အိပ်ရာထသည်နှင့် ညဘက်လုံခြုံရေးအတွက်ထွန်းထားသည့် မီးများကို ပိတ်ပါ။

(၂) သွားတိုက်၊ မျက်နှာသစ် (မုတ်ဆိတ်ရိတ်) ရာတွင် ရေပိုက်ကိုဖွင့်၍သုံးမည့်အစား ရေခွက်ဖြင့် ခံ၍သုံးပါ။ သွားတိုက်စဉ်၊ မုတ်ဆိတ်ရိတ်စဉ် ရေပိုက်ကို တစ်ချိန်လုံးဖွင့်မထားမိစေရန် သတိပြုပါ။ (တည်းခိုခန်းများ၊ ဟိုတယ်များတွင် မျက်နှာသစ်ကန်၌ ရေခွက်ထားပေးသင့်ပါသည်။)

(၃) အပေါ့သွားလျှင် ရေကိုတန်သင့်ရုံသာလောင်းပါ။ ဖြစ်နိုင်ပါက ရေအနည်းနှင့်အများ နှစ်မျိုးရရှိနိုင်သည့် ခလုတ်နှစ်ခုပါသော flush tank များကိုသုံးပါ။

(၄) ရေချိုးသည့်အခါ ရေပုံးနှင့်လောင်းမချိုးပါနှင့်။ တန်သင့်ရုံခွက်ဖြင့်ချိုးပါ။ ရေပန်းနှင့်ချိုးလျှင် ရေပိုက်ခေါင်း (Tap)ကို အရစ်ကုန်မဖွင့်ပါနှင့်။ ရေချိုးကန်(Bathtub)နှင့်ချိုးလျှင် ရေကို ကန်အပြည့်မထည့်ပါနှင့်။ တစ်ဝက်ကျော်ကျော်သာ ထည့်ပါ။

(၅) အသားဟင်းများချက်လျှင် အချိန်ကုန်သက်သာသည့် Pressure Cooker ကို သုံးပါ။

(၆) ထင်း၊ မီးသွေးသုံးလျှင် ထင်း၊ မီးသွေး ကုန်ကျမှု သက်သာစေသည့် စွမ်းအားမြင့်မီးဖိုများကို အသုံးပြုပါ။

(၇) အိုး၊ ခွက်၊ ပန်းကန်များဆေးကြောသည့်အခါ ရေပိုက်ကိုဖွင့်၍ တိုက်ရိုက်မဆေးပါနှင့်။ ခွက်တွင်ထည့်၍ဆေးပါ။

(၈) ပန်းပင်၊ သီးပင်၊ စားပင်များ၊ မြက်ခင်းများကို ရေလောင်းသည့်အခါ တန်သင့်ရုံသာ လောင်းပါ။ ရေများအိုင်ထွန်းနေအောင် မလောင်းပါနှင့်။ (အပင်များက ၎င်းတို့ စုပ်ယူနိုင်စွမ်းရှိသည့် ရေပမာဏကိုသာ စုပ်ယူသည်။ မြေပေါ်ရှိရေများသည် အငွေ့ပျံသွားသဖြင့် အလဟဿဖြစ်သည်။) ထို့ပြင် ပိုက်ခေါင်းကို အရစ်ကုန်ဖွင့်ပြီး မလောင်းပါနှင့်။ ရေပိုက်ကို လူမရှိဘဲ တစ်ချိန်လုံး ဖွင့်မထားခဲ့ပါနှင့်။ ရေအကုန်အကျသက်သာပြီး ရေပျံ့နှံ့စေရန် ရေပိုက်ထိပ်တွင် ရေမြွှာခေါင်းတပ်ဆင်ထားပါ။ မုံရွာမြို့နယ်တွင် စိုက်ပျိုးသည့် ကြက်သွန်နီစိုက်ခင်းများ၌ သမားရိုးကျရေသွင်းစိုက်ပျိုးသည့်စနစ်အစား ရေဖျန်းစိုက်ပျိုးသည့်စနစ်သို့ ပြောင်းလဲစိုက်ပျိုးမှုများ များပြားလာကြောင်း၊ ယခင်က တစ်ဧကလျှင် ရေဂါလန်တစ်သောင်းခန့် သုံးခဲ့ရသော်လည်း ယခုရေဖျန်းစနစ်တွင် ရေဂါလန် ခုနစ်ထောင်ခန့်သာ သုံးရကြောင်း၊ ရေမြောင်းများ မလိုအပ်တော့ဘဲ တစ်ဆက်တည်း စိုက်၍ရသဖြင့် တစ်ဧကလျှင် စိုက်ပျိုးမြေ သုည ဒသမ ၂ ဧကခန့် ပို၍စိုက်နိုင်ခြင်းကြောင့် အထွက်နှုန်းလည်းတိုးသည်ဆိုသည့် သတင်းတစ်ပုဒ်ကို ၆-၁-၂၀၁၆ ရက်နေ့က ဝမ်းမြောက်ဖွယ်ဖတ်ရှုခဲ့ရပါသည်။

(၉) လုံခြုံရေးမီးများကို နေဝင်ပြီးမှသာ ဖွင့်ပါ။ လူမရှိသောအခန်းများမှ မီးများကို တစ်ချိန်လုံး ဖွင့်မထားပါနှင့်။

(၁၀) ဓာတ်အားကုန်ကျမှု သက်သာစေသော LED (Light Emitting Diode) မီးသီးများကို အသုံးပြုပါ။ LED မီးသီးများသည် သာမန်မီးသီး၊ မီးချောင်းများထက် ဓာတ်အားကုန်ကျမှု ၈၀ ရာခိုင်နှုန်းထိသက်သာသည်သာမက ပို၍ကြာရှည်ခံသည်။ (ယင်းတို့၏သက်တမ်းသည်လည်း အနည်းဆုံးနာရီပေါင်း သုံးသောင်းခန့်ရှိသည်။)

(၁၁) ရုပ်မြင်သံကြားကို တစ်ချိန်လုံးဖွင့်မထားပါနှင့်။ ကြည့်နေသည့်အချိန်သာ ဖွင့်ပါ။

(၁၂) မော်တော်ကားရေဆေးသည့်အခါ ရေပိုက်ဖြင့်ဆေးမည့်အစား ဖြစ်နိုင်လျှင် ရေပုံးနှင့်ရေမြှုပ်ကိုသုံးပါ။ ကားရေတစ်ခါ ဆေးတိုင်း ရေလီတာ ၃၀၀ (ရေသန့်ဘူးကြီး ၁၅ဘူး) ခန့်သက်သာနိုင်သည်။

(၁၃) အမှိုက်များကို အမှိုက်ပုံး၊ အမှိုက်ပုံတွင်သာ စွန့်ပစ်ပါ။ ရေမြောင်းထဲသို့ မပစ်ပါနှင့်။ (စည်ပင်သာယာကလည်း အမှိုက်စွန့်ပစ်မည့်နေရာထားပေးရန်နှင့် အမှိုက်များကို မှန်မှန်သိမ်းပေးရန်လိုအပ်ပါသည်။)

(၁၄) သစ်ရွက်ခြောက်များကို စုပုံထားပါ။ မီးရှို့မပစ်ပါနှင့်။

သစ်ရွက်ဆွေးသည် အပင်များနှင့် သစ်ပင်များအတွက် အလွန်ကောင်းမွန်သည့် သဘာဝမြေဩဇာဖြစ်သည်။ သစ်ရွက်ခြောက်များကိုမီးရှို့လျှင် လေထုထဲသို့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းကြောင့် အပူချိန်မြင့်တက်စေသည့်အပြင် လေထုညစ်ညမ်းမှုကိုပါ ဖြစ်စေသည်။ ခြံတစ်ခြံက တစ်ပတ်လျှင် သစ်ရွက်ခြောက် ၁ ကီလိုဂရမ် (၆၀ ကျပ်သားခန့်) နှုန်းဖြင့် ခြံပေါင်း ၁၀၀ မီးရှို့ပါက တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏ ၉ ဒသမ ၅၄၂ မက်ထရစ်တန် လေထုထဲသို့ရောက်ရှိသွားသည်။

ထင်း၊ သစ်ရွက်ခြောက်၊ မြက်ခြောက်၊ နှမ်းရိုး၊ ပဲရိုးစသည့် ဇီဝပစ္စည်းများ (biomass)ကို မီးရှို့လျှင် ကာဗွန်ဒိုင်အောက်ဆိုက် အဓိက ထွက်ရှိပြီး နိုက်ထရိုဂျင်အောက်ဆိုက်များ (NOx)၊ ဆာလ်ဖာအောက်ဆိုက်များ (SOx)၊ ကာဗွန်မိုနောဆိုက် (CO) ဓာတ်ငွေ့များ၊ ညစ်ညမ်းအမှုန် PM-10 နှင့် အခြားလေထုညစ်ညမ်းပစ္စည်းများကိုပါ ထုတ်လွှတ်သည်။ မီးခိုးများသည် ကျန်းမာရေးအတွက် မကောင်းပါ။ အထူးသဖြင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်းဖြစ်နေသူများအား ပို၍ထိခိုက်လွယ်သည်။ ထို့ကြောင့် အမှိုက်များကိုလည်း မီးမရှို့ပါနှင့်။

သစ်ရွက်ခြောက်များကို စုပုံထားခြင်းဖြင့် ကာဗွန်ကို သိုလှောင်ပေးရာရောက်သောကြောင့် ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသူများဖြစ်ပါမည်။ ထိုသို့မဟုတ်ဘဲ သစ်ရွက်ခြောက်များကို မီးရှို့ပစ်မည်ဆိုပါက ကာဗွန်ဒိုင်အောက်ဆိုက်များ ထုတ်လွှတ်မည်ဖြစ်သောကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးမထားသူများ ဖြစ်သွားမည်ကို သတိချပ်ပါ။

(၁၅) သစ်ပင်၊ ပန်းပင်၊ သီးပင်၊ စားပင်များ စိုက်ပျိုးပေးသည့် အလေ့အကျင့်ရှိအောင် ကြိုးစားပါ။

**ဝန်ထမ်းများ ပြုမူဆောင်ရွက်ရန်**

(၁) ရုံးသို့ရောက်သည့်အခါ ကော်ရစ်ဒါမီးများ ပွင့်နေလျှင် ပိတ်လိုက်ပါ။ overhead tank ရေလျှံကျနေလျှင် တာဝန်ရှိသူအား အကြောင်းကြားပါ။

(၂) ရုံးခန်းတွင် မီး၊ ပန်ကာ၊ လေအေးပေးစက်များကို မလိုအပ်ဘဲ မဖွင့်ပါနှင့်။ လိုအပ်သည့်အချိန်တွင် လိုအပ်သလောက်သာဖွင့်ပါ။ (အချို့အစည်းအဝေးခန်းများတွင် အေးလွန်းသဖြင့် လေအေးပေးစက်ကို လျှော့ခိုင်းရပါသည်။ မီတာခကို မိမိငွေနှင့် ပေးချေရသည်ဟု သဘောထားပါ။)

(၃) ရုံးဆင်းလျှင် မိမိအခန်းမှ မီးများ၊ ပန်ကာများ၊ လေအေးစက်များကို သေချာပိတ်ခဲ့ပါ။

(၄) ညစောင့်များအား လုံခြုံရေးမီးများကို မှောင်မှဖွင့်ရန်နှင့် နံနက်မိုးမလင်းမီးပိတ်ရန် ညွှန်ကြားပါ။ ကြီးကြပ်သူများကလည်း မကြာမကြာစစ်ဆေးပေးပါ။

(၅) လမ်းမီးများ အဖွင့်၊အပိတ်တာဝန်ယူရသူများသည် မီးများကို မှောင်မှဖွင့်ပြီး နံနက်မိုးမလင်းမီပိတ်ရန်အလေးထားပါ။ ကြီးကြပ်သူများကလည်း မကြာမကြာစစ်ဆေးပေးပါ။

(၆) ရုံးမှ မြက်ခင်းနှင့် အလှပင်များကို ရေလောင်းရာတွင် ရေအလဟဿ မကုန်စေရန် ရေပိုက်ထိပ်တွင် ရေမြွှာ၊ ရေပန်း တပ်ဆင်ပေးပါ။ (လမ်းဘေးတွင် အလှစိုက်ပျိုးထားသည့် အပင်များကို မီးသတ်ပိုက်ကြီးများဖြင့် ရေလောင်းနေသည်ကို တွေ့မြင်ရတိုင်း ရေပိုက်ထိပ်တွင် ရေမြွှာတပ်ပေးချင်စိတ် ပေါက်မိပါသည်။ ရေအများကြီးပိုကုန်သည်သာမက ရေတွန်းစက်အတွက်လည်း လောင်စာပိုကုန်ပါသည်။)

(၇) မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးရာတွင် မိမိတို့စိုက်ပျိုးခဲ့သော သစ်ပင်များ ရှင်သန်အောင် ဂရုစိုက်ပါ။

*(မှတ်ချက်။ ဝန်ထမ်းဆိုသည်မှာ လခစားများ အားလုံးကို ဆိုလိုသည်။ အစိုးရဌာနများသာမက အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းစသည်များတွင် လုပ်ကိုင်နေသူများအားလုံး ပါဝင်သည်။)*

**အသင်းအဖွဲ့များ ဆောင်ရွက်ရန်**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရာ၌ ပိုမိုထိရောက်စေရန် အသင်းအဖွဲ့များကလည်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ စာရေးသူတို့ လူမျိုးတွင် ပရဟိတစိတ်ဓာတ်ကောင်းများ အခြေခံရှိထားပြီးဖြစ်ခြင်းကြောင့် အသင်းအဖွဲ့များအနေဖြင့် ဤလုပ်ငန်းကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံသားများ၏ ပရဟိတစိတ်ဓာတ်ကောင်းများကို အရေးကြုံတိုင်း တွေ့မြင်ခဲ့ကြရပါသည်။ ပြီးခဲ့သည့်နှစ်က ရေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ခဲ့သော ကယ်ဆယ်ရေးလုပ်ငန်းများက ထပ်မံမှတ်ကျောက်တင်ထားပြီး ဖြစ်ပါသည်။ အထူးသဖြင့် လူငယ်လူရွယ်များ၏စိတ်ဓာတ်ကို ချီးကျူးရမည်ဖြစ်ပါသည်။ မီးပွိုင့်တွင် ပန်းရောင်းသည့်မိန်းကလေးငယ်ကပင် ရေဘေးအတွက် အလှူငွေထည့်ဝင်ခြင်း၊ ဆိုက်ကားဆရာက တစ်နေ့တာ ဝင်ငွေကို လှူဒါန်းခြင်း စသည်တို့က သက်သေပြလျက်ရှိပါသည်။ ထို့ကြောင့်ပင် Charities Aid Foundation ၏ ၂၀၁၅ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ချက်အရ World Giving Index 2015 တွင် ကမ္ဘာ့ရက်ရောမှုအရှိဆုံးနိုင်ငံ ၁၀ နိုင်ငံ (The 10 Most Generous Nations in the World) စာရင်း၌ စာရေးသူတို့နိုင်ငံက အဆင့် ၁ ဖြင့် ထိပ်ဆုံးမှ ပါဝင်ခဲ့ခြင်း ဖြစ်ပါသည်။

မိုးရာသီတွင် သစ်ပင်များ စုပေါင်းစိုက်ပျိုးခြင်း၊ နွေရာသီ၌ ရေပြတ်လပ်သည့်ဒေသများတွင် သောက်သုံးရေ လှူဒါန်းခြင်း၊ ရေတွင်း၊ ရေကန်များ တူးခြင်း၊ ရှိပြီး ရေကန်များအား ဆယ်ခြင်း၊ တူးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်အပြင် ကန်များ၊ ဆည်များ၊ မြစ်၊ ချောင်း၊ အင်းအိုင်များမှ ရေချို ရေကောင်းများ ညစ်ညမ်းရေမဖြစ်စေရေးအတွက် စွန့်ပစ်ရေများကို စည်းကမ်းမဲ့စွန့်ပစ်သူများအား ပညာပေးခြင်း၊ အလုပ်ရုံစက်ရုံကြီးများဖြစ်ပါက သက်ဆိုင်ရာသို့ အသိပေးတိုင်တန်းခြင်းများကို ဆောင်ရွက်နိုင်ပါသည်။

ဤသို့ တိုင်တန်းရာတွင် အထောက်အထားခိုင်လုံပြီး ရိုးသားမှုရှိရန် အလွန်အရေးကြီးပါသည်။ ရန်ကုန်မြို့တွင် ယာဉ်စည်းကမ်း ဖောက်ဖျက်သူများအား ဓာတ်ပုံအထောက်အထားဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဌာနသို့ Online မှ တိုင်ကြားမှုများ ထိရောက်မှုရှိသည့် သာဓကကောင်းများ ရှိနေပြီဖြစ်ပါသည်။

မိုးရာသီတွင် သစ်ပင်များ စုပေါင်းစိုက်ပျိုးနိုင်ရေးအတွက် ပညာပေးစည်းရုံးကာ သစ်ပင်များစိုက်ပျိုးရာတွင် အရေအတွက်ထက် ရှင်သန်ရေးကို ဦးစားပေးပါ။ နောင်သုံးလေးနှစ်ကြာသည့်အခါတွင် မိမိစိုက်ပျိုးခဲ့သော သစ်ပင်များအား ပြသနိုင်အောင် ကြိုးစားပါ။ အပင် ၁၀၀ စိုက်ပြီး အပင် ၅၀ ရှင်သည်ထက် အပင် ၅၀ စိုက်ပြီး အပင် ၅၀ လုံး ရှင်သည်က ပိုကောင်းသည်။ မိမိတို့ဆောင်ရွက်ခဲ့သောလုပ်ငန်း အောင်မြင်ကြောင်း ပြသနိုင်ရုံသည်သာမက လုပ်အားနှင့် ကုန်ကျစရိတ်လည်း သက်သာမည်ဖြစ်သည်။

**တာဝန်သိသူ တာဝန်ရှိ၏**

စာရေးသူတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးမထားဘဲ လျစ်လျူရှုခဲ့ကြသည်မှာ ဆယ်စုနှစ် သုံး၊လေးစုခန့်ပင် ရှိခဲ့ပြီဖြစ်ပါသည်။ ယိုယွင်းသွားသော သဘာဝပတ်ဝန်းကျင် ပြန်လည်ကောင်းမွန်ရေးအတွက် စာရေးသူတို့အနေဖြင့် အနည်းဆုံး နှစ်ပေါင်းသုံးလေးဆယ် ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ''တာဝန်သိသူ တာဝန်ရှိ၏'' ဟု ဆိုသည့်စကားအတိုင်း စာရေးသူတို့နိုင်ငံသားတိုင်း တာဝန်သိသူများပီသစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဘိုးဘွားများက စာရေးသူတို့အား ကောင်းမွန်သော နိုင်ငံတော် (**Healthy Country**)ကို အမွေပေးခဲ့သော်လည်း စာရေးသူတို့လက်ထက်၌မူ မိမိတို့၏ သားသမီးများ၊ မြေးများအား ကောင်းမွန်သော နိုင်ငံတော်ကို မပေးအပ်နိုင်ပါ။ ထို့ကြောင့် စာရေးသူတို့၏ မြေးများလက်ထက်တွင် ၎င်းတို့၏ သားသမီးများအား သာယာ၍ကောင်းမွန်သော နိုင်ငံတော်ကြီးကို ပေးအပ်နိုင်ရေးအတွက် နိုင်ငံသားအားလုံး ယနေ့ ယခုအချိန်မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ရော ကိုယ်ပါ အားသွန်ခွန်စိုက် အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

---

**❖ စာရေးသူတို့သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးမထားဘဲ လျစ်လျူရှုခဲ့ကြသည်မှာ ဆယ်စုနှစ် သုံးလေးစုခန့်ပင်ရှိခဲ့။**

**❖ နိုင်ငံသားအားလုံး ယနေ့ ယခုအချိန်မှစ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်။**

ပြည်တွင်းရေးရာ

# စတော့အိတ်ချိန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အသိအမှတ်ပြုသင်တန်းကျောင်းများမှ သင်တန်းများ ဖွင့်လှစ်သင်ကြားမည်

**ရန်ကုန် ဇန်နဝါရီ ၁၇**

မကြာမီ ဈေးကွက်စတင်တော့မည့် စတော့အိတ်ချိန်းနှင့်ပတ်သက်၍ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်တန်းများကို မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် The Securities and Exchange Commission Myanmar(SECM)၏ ပထမဆုံးအကြိမ် တရားဝင်အသိအမှတ်ပြု သင်တန်းကျောင်းများမှ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။




မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် The Securities and Exchange Commission Myanmar(SECM) အနေဖြင့် စတော့အိတ်ချိန်းနှင့် ပတ်သက်၍ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်တန်းကျောင်းသုံးခုကို တရားဝင်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခဲ့ပြီး သင်တန်းကျောင်း၊ သင်ကြားမည့် သင်ခန်းစာများ၊ သင်ကြားမည့် ဆရာဆရာမများ၊ သင်တန်းကြေးများအပေါ် စိစစ်အကဲဖြတ်၍ အများပြည်သူများ ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် အသိပညာများရရှိစေရန် ရည်ရွယ်၍ အသိအမှတ်ပြု ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"SECM အနေနဲ့ သင်တန်းကျောင်းသုံးကျောင်းကို ဇန်နဝါရီ ၁၆ ရက်က အသိအမှတ်ပြု စတင်ခွင့်ပြုလိုက်တယ်။ သင်ကြားမယ့် course ကတော့ မြန်မာပြည်မှာ လုပ်ငန်းစလုပ်မယ်ဆိုရင် ဒီလုပ်ငန်းရဲ့အခြေခံသဘောတရားတွေသိဖို့လည်း သင်မယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေ သိဖို့အတွက်ကိုလည်း သီးခြားသင်တန်းပေးမယ်။ အဲဒီလိုမျိုးသင်ကြားမယ့်ဟာတွေကို စိစစ်လိုက်တာပေါ့။ ဘယ်အပိုင်းတွေကို သင်မလဲ၊ အခုလုပ်နေတဲ့ စတော့အိတ်ချိန်း ထူထောင်တာရယ် Capital Market Development မှာ ဒီကျောင်းတွေက ဘယ်လောက် အထောက်အကူဖြစ်မလဲ၊ အထောက်အပံ့ဖြစ်မလဲ ဆိုတာကို အဓိကထားကြည့်တာပေါ့။ အခြေခံအဆင့်မှာတော့ အကုန်လုံးက သိထားဖို့ လိုအပ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူရဲ့အပိုင်းမှာလည်း ရှယ်ယာတို့၊ ဘွန်းတို့ ဒါတွေကိုလည်း သိမယ်။ ဘယ်လို ရင်းနှီးမြှုပ်နှံရမယ်၊ ဘယ်လောက်အကျိုးအမြတ်ရှိမလဲ၊ High risk က High return ပေါ့။ အဲဒါဆိုရင် risk က ဘယ်လိုရှိလဲ၊ ဘယ်လိုတွက်ချက်မယ်၊ ဘယ်လိုကြည့်ရမယ်ဆိုတာသင်ပေးမှာ။ ဒါနဲ့ပတ်သက်တဲ့ ပညာပေးလုပ်ငန်းတွေ အများကြီးလိုအပ်တယ်။ အဓိကကတော့ အများပြည်သူ အသိပညာရရှိအောင်ပါ။ တချို့က သင်တန်းတွေဖွင့်နေပြီး သင်တန်းကြေး အမြောက်အမြား ယူနေတာတွေရှိတယ်။ ဒါကြောင့် စနစ်တကျစိစစ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာပါ" ဟု မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် စတော့အိတ်ချိန်းနှင့် ပတ်သက်၍ သင်တန်းများဖွင့်လှစ်လာကြပြီး ယင်းသို့သော သင်တန်းများကို SECM အနေဖြင့် အသိအမှတ်ပြုထားခြင်းမရှိကြောင်းနှင့် အများပြည်သူအနေဖြင့် သတိပြုဆောင်ရွက်သင့်ကြောင်း SECM က တရားဝင် အသိပေးပြောကြားထားသည်။

SECM ၏ တရားဝင်အသိအမှတ်ပြု သင်တန်းကျောင်းတစ်ခုဖြစ်သည့် MIND Investment Institute အနေဖြင့် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သင်တန်းကျောင်းကို ဖွင့်လှစ် ဆောင်ရွက်နေပြီဖြစ်ပြီး သင်တန်းများကို ဖေဖော်ဝါရီ ၁၃ ရက်မှ စတင်ကာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း MIND Investment Institute မှ သိရသည်။ အဆိုပါ သင်တန်းကျောင်းအနေဖြင့် Professional Training နှင့် Certificate သင်တန်းများကို ပေးအပ်သွားမည်ဟု သိရသည်။

"လူငယ်လူရွယ် ကျောင်းသားများနဲ့ ဘဏ်နဲ့ ငွေကြေးဆိုင်ရာ ကုမ္ပဏီဝန်ထမ်းတွေအတွက် Professional Training နှင့် Certificate သင်တန်းများကို ပေးအပ်သွားမှာဖြစ်ပြီး ဒုတိယအပိုင်းအနေနဲ့ ရင်းနှီးမြှုပ်နှံလိုသူ အများပြည်သူတွေအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှု ဘာသာရပ်၊ စတော့ဈေးကွက်မှာ ရင်းနှီးမြှုပ်နှံမှုသင်တန်းတွေ ပေးအပ်သွားမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေဟာ ကိုယ်တိုင် ရင်းနှီးမြှုပ်နှံသူတွေဖြစ်သလို တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့မှာ တစ်ဦးချင်းစီရဲ့ ငွေကြေးဆိုင်ရာ အသိပညာနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသိပညာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်ပါတယ်"ဟု MIND Investment Institute မှ Managing Director Maya Phyu Phyu Thaung က သင်တန်းကျောင်းနှင့် ပတ်သက်၍ ရှင်းပြသည်။

ဖွင့်လှစ်သွားမည့် သင်တန်းများကို နိုင်ငံတကာ အတွေ့အကြုံရှိသော၊ အောင်မြင်သော ရင်းနှီးမြှုပ်နှံမှုပညာရှင်များနှင့် နိုင်ငံတကာဘဏ်များမှ ပညာရှင်များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ ဆရာမများက သင်ကြားပို့ချသွားမည်ဟု သိရသည်။ MIND Investment Institute သည် စင်ကာပူနိုင်ငံ Value Investing College နှင့်လက်တွဲ၍ Capital Market ဆိုင်ရာ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဝ၁)**

# စာနယ်ဇင်းရှင်းလင်းပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၏ ပုဂံယိမ်းအက၊ အပျိုတော်ယိမ်းအကများကို ယဉ်ကျေးမှုဝန်ကြီးဌာန၏ မူအဖြစ်သတ်မှတ်နိုင်ရေးအတွက် ရှင်းလင်းတင်ပြခြင်း၊ အနုပညာရှင်များက သရုပ်ပြခြင်း၊ ယိမ်းအကများဖြင့် တင်ဆက်ခြင်းနှင့်အတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ Music Show Case (NUAC) Orchestra တို့နှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဇန်နဝါရီ ၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီ မှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ(ရန်ကုန်)၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်း အောင်ဇေယျခန်းမ၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးမှု အစီအစဉ်ကို ကျင်းပသည်။

ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးမှုတွင် ရောဂါကြိုတင်ကာကွယ်ရန်နှင့် ဆေး၏အကျိုးတရားများကို မြို့နယ်ဆရာဝန် ဒေါက်တာဥမ္မာမြင့်က ဟောပြောခဲ့သည်။

ဆက်လက်၍ တောင်ညွန့်ကြီးရပ်ကွက် ပဲခူးကျောင်းတိုက်တွင်လည်း သံဃာတော်များနှင့် ကျောင်းသား ကျောင်းသူများအား ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့်အဖွဲ့ဝင်များက တိုက်ကျွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# အလင်းရောင်ကျောင်းစာကြည့်တိုက်ဖွင့်

**မှော်ဘီ ဇန်နဝါရီ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မှော်ဘီမြို့နယ် ပညာရေးဌာနတို့ပူးပေါင်းပြီး "အလင်းရောင်"ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်၊ စာစောင်နှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် အမက(ပျဉ်ထောင်တွင်း)၌ ကျင်းပသည်။

အခမ်းအနားတွင် မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိကိုယ်စား ဦးမျိုးသန့်က စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ "ဗလငါးတန်ဖွံ့ဖြိုးရန်"ခေါင်းစဉ်ဖြင့် ပြောကြားပေးပြီး သုတ၊ ရသ၊ စာစောင် ၄၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက လက်ခံရယူပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ ဦးမျိုးသန့်က လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ငွေကြိုင်)**

# တစ်လမ်းသွားတံတားမှ နှစ်လမ်းသွားတံတားအဖြစ် အသွင်ကူးပြောင်းမည့် ဥတိုတံတား

**ရန်ကုန် ဇန်နဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ- ပုသိမ်လမ်းပေါ်ရှိ အဓိကဆက်သွယ်ထားသော ဥတိုတံတားကို ဇန်နဝါရီ ၁၈ ရက်မှစတင်ကာဖျက်သိမ်း၍ ပြန်တည်ဆောက်ခြင်းကို မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဟု မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တံတားအထူးအဖွဲ့(၅)၊ တည်ဆောက်ရေးအထူးအဖွဲ့ (၂) မှ သိရသည်။

လက်ရှိချောင်းသာတံတားသည် တစ်လမ်းသွား ဘေလီတံတား အမျိုးအစားဖြစ်ပြီး ပေ ၉၀ဝ အရှည်တွင် ယာဉ်သွားလမ်းအကျယ် ၁၂ ပေ ၆ လက်မ ရှိကာ ခံနိုင်ဝန်အား ၁၃ တန်ဖြစ်သည်။ ယခု အသစ်ပြန်လည်တည်ဆောက်မည့် တံတားမှာမူ နှစ်လမ်းသွား ဘေလီတံတားအမျိုးအစားဖြစ်ကာ ယခင်တံတား၏ အောက်ခံဖောင်ဒေးရှင်းပေါ်တွင် အလျား ပေ ၉၀ဝ၊ အကျယ် ၂၆ ပေ ၅ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ပေါ်တွင် ခံနိုင်ဝန်အား တန် ၂၀ ဖြစ်သည်ဟု သိရသည်။

"ကျွန်တော်တို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီကတည်းက ဒီတံတားရဲ့ ခံနိုင်ဝန်အား၊ ကြံ့ခိုင်ရေး၊ တံတားအောက်ခြေပိုင်တိုင်များအခြေအနေ၊ ရေတိုက်စားမှု၊ တံတားကိုယ်ထည်ပျက်စီးမှု စတဲ့ တံတားကြံ့ခိုင်မှုအခြေအနေတွေအပြင် မြစ်ကြမ်းပြင်အခြေအနေတွေကို ပြန်တိုင်းတာခဲ့ပြီးပါပြီ။ တိုင်းတာခဲ့တဲ့ ရလဒ်တွေကိုလည်း အဆင့်ဆင့်တင်ပြတွက်ချက်စစ်ဆေးပြီးမှ လုပ်ဆောင်ခဲ့ကြပေမယ့် အခုမှ မှာယူထားတဲ့ သံပေါင်တွေ ရောက်ရှိလာတဲ့အတွက် အချိန်တိုအတွင်းပြီးစီးနိုင်ဖို့ နှစ်လအတွင်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တံတားရဲ့ကုန်ကျစရိတ် ၂၁၃၁ ဒသမ ၅ သန်းနဲ့ တည်ဆောက်သွားမှာပါ" ဟု ဦးကျော်သူ ဒုတိယညွှန်ကြားရေးမှူး တံတားအထူးအဖွဲ့(၅)၊ တံတားတည်ဆောက်ရေးအဖွဲ့(၂) ဆိပ်ဖြူမြို့နယ်က ပြောသည်။

အဆိုပါဥတိုတံတားကို ယခင်သစ်သားတံတားမှ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် တစ်လမ်းသွား ဘေလီတံတားအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ယခုအချိန်တွင် ပြင်ဆင်တည်ဆောက်မည့် တံတားသည် ယခင်တံတားထက် အရည်အသွေးအမျိုးအစား ကောင်းမွန်ခြင်းကြောင့် ခံနိုင်ရည်တောင့်တင်းမှုရှိသည့်အပြင် ယာဉ်သွားလမ်းအကျယ် ပိုမိုကောင်းမွန်သည့်အတွက် ယာဉ်ကြောရပ်တန့်၍ အချိန်ဆိုင်းငံ့ရခြင်းမျိုးမရှိတော့ဘဲ လမ်းပန်းဆက်သွယ်ရေးကို ပိုမိုကောင်းမွန်လာစေပါတယ် ဟု ဦးကျော်သူက ဆက်လက်ပြောသည်။



ထို့ကြောင့် ချောင်းသာကမ်းခြေသို့ ရွှေသောင်ယံလမ်းခွဲမှ သွားရောက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန(ပုသိမ်)မှ ယာယီမြေသားလမ်းကိုဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ တံတားရှောင်ကွင်းလမ်းအဖြစ် ဆိပ်ကြီးရွာ ရွှေသောင်ယံလမ်းခွဲကနေစပြီး ချောင်းသာထိ လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်ပေးထားပါတယ်။ ဆိပ်ကြီးလမ်းခွဲကနေ ရွှေသောင်ယံထိကို လေးမိုင်၊ ရွှေသောင်ယံလမ်းခွဲကနေ ဂျိုင်ကြီးရွာလမ်းခွဲထိ ခုနစ်မိုင်၊ ဂျိုင်းကြီးရွာလမ်းခွဲကနေ ချောင်းသာထိ သုံးမိုင်မှာ ကုန်းတက်ကုန်းဆင်းလမ်းတွေကြမ်းပေမယ့် အဆင်ပြေချောမွေ့အောင် စီစဉ်ထားပြီးပါပြီ" ဟု ဦးတင့်လွင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ပုသိမ်ခရိုင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ဥတိုတံတားအပါအဝင် သာပေါင်း-စက်ဒေါင့်ကြီး-ရေကြည်လမ်းပေါ်ရှိ အလျားပေ ၉၀ ရှိ ရှောက်ချောင်းတံတားနှင့်အလျားပေ ၂၁၀ ရှိ ဒရယ်ကူးတံတားများကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

သတင်း - ခင်ဇာလီ
ဓာတ်ပုံ - သိမ့်ရွှေရည်

## ပြည်တွင်းရေးရာ



နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲကျင်းပနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

**ရှေ့ဖုံးမှ**

နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများအား ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံသားများ သိရှိနားလည်စေရန်၊ မြန်မာနိုင်ငံအား နိုင်ငံတကာမှ ပိုမိုသိရှိလာစေရန်နှင့် နာဂဒေသတစ်ခုလုံး ပူးပေါင်းပါဝင်ဆင်နွှဲနိုင်ရန်အတွက် ၂၀၀၆ ခုနှစ်မှစ၍ နာဂဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များတွင် နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို သတ်မှတ်ပြီး လှည့်လည်ကျင်းပခဲ့ခြင်းဖြစ်သည်။

ပွဲတော်ကာလတွင် ရပ်နီးရပ်ဝေးမှ မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရင်းနှီးပျော်ရွှင်စွာ ဆုံစည်းကြပြီး ရိုးရာအစဉ်အလာကို ဖော်ညွှန်းသော သီချင်း အကများဖြင့် သီဆိုကခုန်ကြသည်။ တစ်နှစ်ပတ်လုံးတွင် ကြုံတွေ့ခဲ့ရသော အခက်အခဲများကို ဆွေးနွေးတိုင်ပင်ကြပြီး အောင်မြင်မှုများကို ဂုဏ်ယူကြသည်။ ရင်းနှီးပြီးသူအချင်းချင်း ချစ်ခင်ကျီစယ် နောက်ပြောင်ကြသကဲ့သို့ မိတ်ဆွေသစ်များကိုလည်း မိတ်ဖွဲ့ကြသည်။ အချင်းချင်း မပြေလည်ခဲ့ကြသည့် ပြဿနာကြီးငယ်ကိုလည်း ပယ်ဖျောက်၍ တစ်ဦးမှသည် တစ်စုတစ်ဖွဲ့ စသည်ဖြင့် ပေါင်းစည်းမှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ဆောင်ကြဉ်းပေးသည့် အထင်ကရပွဲတော်ကြီးဖြစ်သည်။

ယခင်က နာဂဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး သီးခြားဒေသတစ်ခုကဲ့သို့ဖြစ်ခဲ့ရာ ဖွံ့ဖြိုးမှုတွင် များစွာနောက်ကျခဲ့ရသည်။ ယခုနောက်ပိုင်းတွင် နိုင်ငံတော်၏ စီစဉ်မှုဖြင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လုပ်ဆောင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာပြီး ကဏ္ဍစုံတွင် တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန်အတွက် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် သဘာဝအရင်းအမြစ်များလည်း ရှိနေသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ရေအားလျှပ်စစ်စက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အတွက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ရေအားလျှပ်စစ်ကဏ္ဍတွင် အကြီးစားရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ အသေးစား လျှပ်စစ်စီမံကိန်းများကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နေခြင်း ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ စူးစမ်းတိုင်းတာထားရှိသော နာဂဒေသရှိ ရေအားလျှပ်စစ်အရင်းအမြစ်များအနက် လေရှီးမြို့နယ်အတွင်းရှိ မတူဂီချောင်းနှင့် လဟယ်မြို့နယ်အတွင်းရှိ ကျလွေချောင်းတို့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ပြီး ဖြစ်သည်။

နန်းယွန်းမြို့နယ်အတွင်းရှိ တိုင်းခမ်းချောင်းတွင်လည်း အသေးစားရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ လဟယ်မြို့နယ်အတွင်းရှိ ဟုန်းညှိချောင်း ရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစီအစဉ်ဖြင့်လည်းကောင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မတူဂီချောင်းသည် လေရှီးမြို့၏ အနောက်တောင်ဘက် ၃ မိုင်ခွဲခန့်အကွာတွင် နမ့်ဝယ်ချောင်း (ခေါ်) ရွှေဇလုံချောင်းအတွင်းသို့ စီးဝင်သော ချောင်းလက်တက်တစ်ခုဖြစ်ပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် မတူဂီချောင်း စီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ရာ ပြီးစီးခဲ့ပြီဖြစ်၍ လေရှီးမြို့သို့ (၁၁)ကေဗွီ ဓာတ်အားလိုင်းဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့အတူ လဟယ်မြို့၏ တောင်ဘက် တစ်မိုင်ခန့်အကွာတွင်ရှိသည့် စက်တပ်ဆင်အင်အား ၁၅၀ ကီလိုဝပ် ထုတ်လုပ်နိုင်မည့် ကျလွေချောင်း ရေအားလျှပ်စစ်စီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီတွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ ရာပြီးစီးခဲ့သဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် လဟယ်မြို့ ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး နိုင်ငံတော်သမ္မတက စက်ရုံမှခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။



လေရှီးမြို့နယ် မတူဂီချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ပြီးစီးမှုကိုတွေ့ရစဉ်။(သတင်းစဉ်)

အဆိုပါ လျှပ်စစ်စက်ရုံဖွင့်ပွဲအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးရွာပေါင်း ၂၆၆ ရွာရှိသည့်အနက် ၂၀၁၀ ပြည့်နှစ်မတိုင်မီက ရေအားဖြင့် ၁၀ ရွာ၊ ဆိုလာစနစ်ဖြင့် တစ်ရွာ လျှပ်စစ်မီးရရှိခဲ့ပြီး မိမိတို့အစိုးရ သက်တမ်းငါးနှစ်တာကာလအတွင်း ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ယခုအခါ ရေအားဖြင့် ၃၇ ရွာ၊ ဒီဇယ်စက်ဖြင့် တစ်ရွာ၊ ဆိုလာစနစ်ဖြင့် ၁၄၄ ရွာ စုစုပေါင်း ၁၈၃ ရွာတွင် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း၊ လဟယ်မြို့နယ်တွင် ယခင်က ၂၅ ကေဗွီအေ ဒီဇယ်စက်နှင့် ၅၀ ကီလိုဝပ် ရေအားလျှပ်စစ်စက်ဖြင့် အချိန်ပိုင်းသာ လျှပ်စစ်မီးရရှိခဲ့ရာမှ ယခုအခါ စက်တပ်ဆင်အင်အား ၁၅၀ ကီလိုဝပ်ဖြင့် ၂၄ နာရီ ဓာတ်အားရရှိခဲ့ပြီးဖြစ်၍ လဟယ်မြို့ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနိုင်ပြီဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် နန်းယွန်းမြို့၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိသည့် ကီလိုဝပ် ၉၀၀ ခန့် ထွက်ရှိနိုင်မည့် တိုင်းခမ်းချောင်း အသေးစားရေအား လျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၂၀၁၄ ခုနှစ် မတ်လတွင် စူးစမ်းတိုင်းတာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် ဖေဖော် ဝါရီလမှစတင်၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ၂၀၁၅ ခုနှစ် ဧပြီလ ၈ ရက်နေ့ ခန္တီးဒေသခရီးစဉ်တွင် လမ်းညွှန်ချက်နှင့်အညီ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ခန္တီးမြို့၏ အနောက်မြောက်ဘက် ၂၂ မိုင်ခန့်အကွာ လဟယ်မြို့နယ်အတွင်းရှိ ဟုန်းညှိချောင်းတွင် ကီလိုဝပ် ၂၄၀၀ နှင့် ကီလိုဝပ် ၃၆၀၀ တို့ ထွက်ရှိနိုင်မည့် အသေးစားရေအား အရင်းအမြစ်ကို ၂၀၁၅ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း စူးစမ်းတိုင်းတာ၍ ဒီဇိုင်းပုံစံများ ရေးဆွဲခဲ့ပြီးဖြစ်ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ယင်းစီမံကိန်းများ ပြီးစီးပါက ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ခန္တီးဒေသသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယခုအခါ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ဆောက်ပြီးဖြစ်သော မတူဂီချောင်းနှင့် ကျလွေချောင်းရေအားလျှပ်စစ်စီမံကိန်းတို့မှ ကီလိုဝပ် ၁၅၀ စီဖြင့် ကီလိုဝပ် ၃၀၀ နှင့် လဟယ်ချောင်းရှိ အသေးစားရေအားလျှပ်စစ်စက်ရုံများမှ ကီလိုဝပ် ၅၀ စုစုပေါင်း လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၃၅၀ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။ တည်ဆောက်ဆဲဖြစ်သော တိုင်းခမ်းချောင်း လျှပ်စစ်စီမံကိန်းမှ ကီလိုဝပ် ၉၀၀ နှင့် ဟုန်းညှိချောင်း ရေအားလျှပ်စစ်စီမံကိန်း အမှတ်(၁/၂)တို့မှ ကီလိုဝပ် ၆၀၀၀ စုစုပေါင်း ကီလိုဝပ် ၆၉၀၀ တို့ထပ်မံရရှိမည်ဖြစ်၍ မကြာမီကာလတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခန္တီးဒေသသို့ စုစုပေါင်း ကီလိုဝပ် ၇၂၅၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးတွင် အသေးစားရေအားလျှပ်စစ် အရင်းအမြစ် ၂၁၀ မှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၂၃၀၃၅၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း လေ့လာထားရှိပြီးဖြစ်ရာ ယခုအခါ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အသေးစားရေအားလျှပ်စစ်စက်ရုံ ၃၅ ရုံ တည်ဆောက်ပြီးစီးကာ လျှပ်စစ်ဓာတ်အား ၃၃၁၈၂ ကီလိုဝပ် ဖြန့်ဖြူးပေးလျက်ရှိသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့်လျက်ရှိရာမှ ယခုနှစ် ဇန်နဝါရီ ၁၅ ရက်က လဟယ်မြို့ ရွှေပြည်သာအားကစားကွင်း၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ တက်ရောက်ခဲ့ကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် လာမည့်နှစ်သစ်၌ ကောက်ပဲသီးနှံ ပေါများစေရန်၊ အဖျားအနာ ကင်းဝေးပြီး ချမ်းသာသုခရရှိစေရန်နှင့် လုပ်ငန်းဆောင်တာအဝဝ လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်စေရန် ရိုးရာအစဉ်အလာနှင့်အညီ ဆုတောင်းကြသည်။ ထိုသို့ အနှစ်သာရရှိပြီး ရည်ရွယ်ချက် ကောင်းမွန်လှသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသကဲ့သို့ နောင်လာမည့်နှစ်များတွင်လည်း ရိုးရာမပျက် ဆင်နွှဲကြမည်ဖြစ်ပေသည်။

နာဂရိုးရာပွဲတော်ကျင်းပခြင်းဖြင့် နိုင်ငံတကာမှ စိတ်ဝင်စားမှု ပိုမိုများပြားလာပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသကဲ့သို့ နာဂဒေသတစ်ခုလုံးအတွက်လည်း ဘက်စုံကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်သည်။ နာဂဒေသ၏ တစ်မူထူးခြားသည့် ယဉ်ကျေးမှုနှင့် ရိုးရာအကများသည် နာဂဒေသရှိ တောတောင်ရေမြေ သဘာဝအရင်းအမြစ်များမှ ထွက်ရှိလာသည့် အလင်းတန်းများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ အထင်အရှားပင် ဖြစ်ပါတော့သည်။

## ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇန်နဝါရီ ၁၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေး ဦးဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၁၇ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီခန်းမ၌ ပြည်သူများယာဉ်မတော်တဆမှုမဖြစ်ပွားစေရေးအတွက် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်မောင်းသူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ယာဉ်တိုက်မှုအန္တရာယ်ကင်းရှင်းစေရေးအတွက် ဟောပြောခဲ့သည်။

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် လယ်ဝေးမြို့နယ်ရှိ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များသက်တမ်းတိုးပေးခြင်းကို မထသနှင့် ပူးပေါင်း၍ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့်ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများကို သိရှိနားလည်ပြီး မော်တော်ယာဉ်များကို အန္တရာယ်ကင်းစွာ မောင်းနှင်သည့်အပြင် အချိန်ကုန်၊ ငွေကုန်သက်သာသဖြင့် စိတ်ကျေနပ်မှုရရှိကြောင်း မြွေရိုးလေးကျေးရွာနေ ကိုစိုးလွင်ကပြောသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ကျေးရွာဆယ်အိမ်စုကိုယ်စားလှယ် ရွေးချယ်ပြီးစီး

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာ ရပ်မိရပ်ဖများ၏ ဦးဆောင်မှုဖြင့် ကျေးရွာအတွင်း လူဝင်မှုကြီးကြပ်ရေး ပုံစံ ၆/၆ ဖြင့် တရားဝင်နေထိုင်သူ ဆယ်အိမ်စု ၆၆ စု၏ မဲပေးရွေးချယ်မှုဖြင့် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ဆယ်အိမ်စုမှူး ၆၆ ဦး ရွေးချယ်ပြီးစီးကြောင်း သိရသည်။

**(၃၂၉)**

# ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြိုကျ၊ လျှောကျ၊ နိမ့်ကျပျက်စီးသည့် ရေထိန်းတာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်တို့သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုက္ကိုဝမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာတွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် စီမံကိန်းညွှန်ကြားရေးမှူး ဦးသန်းငွေတို့က အလျား ရှစ်ပေ၊ အနံ ခြောက်ပေရှိ Falp Gate အမျိုးအစားရေတံခါး ၁၄ ပေါက်၊ အလျား ၁၅ ပေ ၆ လက်မ၊ အနံ ၁၀ ပေ ၆ လက်မရှိ Radial Gate အမျိုးအစားပါ ရေတံခါးခုနစ်ပေါက် တပ်ဆင်နေမှုအခြေအနေနှင့် မဲဇလီ(၂) ရေထိန်းတံခါး တည်ဆောက်ရေး အကောင်အထည်ဖော် ပြီးစီးပါက ကုက္ကိုဝမြစ်မှ ရေချိုများကို ပန်းလှိုင်မြစ်ကြောင်း ဝဲယာတစ်လျှောက်ရှိ လယ်မြေဧက ၄၀၀၀၀ ကို စိုက်ပျိုးရေလိုအပ်ချက်ဖြည့်ဆည်းနိုင်မည့် အခြေအနေနှင့် နှစ်စဉ် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည့် အခြေအနေများကို မြေပုံဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်း အခြေခံအဆောက်အအုံများ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးမှုနှင့် ရေထိန်းတံခါးတပ်ဆင်ရန် အသင့်ဖြစ်နေမှုများကို ကဏ္ဍအလိုက်ကြည့်ရှု၍ ကုက္ကိုဝမြစ်နှင့် ပန်းလှိုင်မြစ်ဆုံနေရာသို့ရောက်ရှိပြီး မြစ်အတွင်းသင်္ဘောကြီးများ၊ ကုန်တင်ရေယာဉ်များ ချောမွေ့စွာကူးသန်းနေမှုကို စစ်ဆေးကြည့်ရှုပြီးနောက် ကုက္ကိုဝမြစ်ကမ်းပေါ်တွင် ပင်လယ်ထွက်ပေါက်နှင့် ဆက်စပ်သည့် ကုန်တင်ရေယာဉ်များ ရပ်နားစခန်း၊ ခေတ်မီဆိပ်ကမ်းတစ်ခု တည်ဆောက်ရေး လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ဧရာဝတီမြစ်ကမ်းပတ်တာသို့ ရောက်ရှိကြပြီး ရေကျဆင်းသွားသည်နှင့် တစ်ပြိုင်တည်း မြစ်ကမ်းရေထိန်းတာ အလျားပေ ၃၅၀၊ အနံပေ ၈၀ လျှောကျပြိုကျ နိမ့်ဆင်းသွားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု၍ လာမည့်မိုးရာသီမတိုင်မီ ခိုင်မာသော ရေတားတမံ တည်ဆောက်ရေး ကွင်းဆင်းစစ်ဆေးကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် သာမန်ဖြစ်လေ့ဖြစ်ထရှိသည့် နှစ်စဉ်မိုးရာသီရေကြီးနစ်မြုပ်မှု အန္တရာယ်သာမက ၂၀၁၅ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး သဘာဝလွှမ်းကဲ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဧရာဝတီတိုင်းအတွင်းဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်မှုများမဖြစ်စေရန်၊ မြစ်ကြောင်းတစ်လျှောက်၌ သဘာဝဘေးအန္တရာယ်ကို ရေရှည်ကာကွယ်နိုင်ရန် လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်အကောင်အထည်ဖော်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြိုကျ၊ လျှောကျ၊ နိမ့်ကျပျက်စီးနေသည့် ရေထိန်းတာများကိုလည်းကောင်း၊ အသစ်တည်ဆောက်ဆဲကွန်ကရစ်တာများကို လည်းကောင်း လုပ်ငန်းခွင် တစ်ခုချင်းအလိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပန်းလှိုင်ရေထိန်းတံခါးသို့ ရောက်ရှိကြပြီး ရေထိန်းတံခါး အသုံးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး ဒေသအတွက် ရေရှည်ထိထိရောက်ရောက် အသုံးချနိုင်ရန်အတွက် မွမ်းမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

■ ■


# နွားနို့တိုက်ပါ

ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့

ကျန်းမာသန်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့

အသားအရေ လှပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့





# Southern အသင်းကို ရှမ်းယူနိုက်တက် ဂိုးပြတ်သွင်း

**ရန်ကုန် ဇန်နဝါရီ ၁၇**

၂၀၁၆ MNL ပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ပွဲစဉ်များကို ကွင်းသုံးကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

**(အောင်ဆန်းကွင်း)**

ရှမ်းယူနိုက်တက် - ငါးဂိုး

Southern - ဂိုးမရှိ

ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ထားသည့် ရှမ်းယူနိုက်တက်အသင်းမှာ ယခုပွဲတွင် တန်းတက် Southern အသင်းကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲစတင်ရယူနိုင်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိခဲ့သော်လည်း ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးများဆက်တိုက်ရရှိသွားသောကြောင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။

အဖွင့်ပွဲတွင် အိမ်ကွင်း၌ သရေသာ ကစားနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းမှာ အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး အီရန်တိုက်စစ်မှူး ဘာရှက်ကို ပွဲစကတည်းကထည့်သွင်းအသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းမှာပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး Southern အသင်းမှာလည်း အပြန်အလှန် ကစားနိုင်ခဲ့သည်။ ၃၄ မိနစ်တွင် ရှမ်းယူနိုက်တက် ဂိုးစရခဲ့ပြီး အသစ်ခေါ်ထားသည့် တောင်ပံကစားသမား နေလင်းထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်းက ခြေအသာဖြင့် တောက်လျှောက် ဖိကစားကာ ၁၃ မိနစ်အတွင်း လေးဂိုးသွင်းယူကာ ဂိုးပြတ်အနိုင်ရသွားခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးများကို ၄၇ မိနစ်၊ ၆၀ မိနစ်တွင် ဂူစတာဗို၊ ၅၄ မိနစ်တွင် စိုးမင်းဦး၊ ၅၇ မိနစ်တွင် ဟိန်းသီဟဇော်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။ ငါးဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး Southern အသင်း ပင်နယ်တီကန်ခွင့်ပြန်ရခဲ့သော်လည်း ရှမ်းယူနိုက်တက် ဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့ကာ ပေးဂိုးမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့သည်။

သုဝဏ္ဏဝကွင်း၌ ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် မောင်မောင်လွင်နှင့် အောင်ဇော်တို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။ နည်းပြသစ် မာဂျန်၏ ပထမဆုံးသုံးပွဲ၌ ရန်ကုန်အသင်း ထပ်မံရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မုံရွာကွင်း၌ ကျင်းပသောပွဲတွင် ဧယျာဝတီနှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

**ယနေ့ပွဲ**

အောင်ဆန်းကွင်း

မကွေး-ဧရာဝတီ

**(ရှိုင်းထက်ဇော်)**

○○

# စိန်ခေါ်သူစောဂေါ်မူဒို ဒုတိယအချီမှာပင် ရှုံးနိမ့် ထွန်းထွန်းမင်း ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်း

**ရန်ကုန် ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ NAING MOE ENTERTAINMENT နှင့် Myanmar Media Management တို့ ပူးပေါင်းစီစဉ်သော မြန်မာပြည်လက်ဝှေ့ချန်ပီယံစိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ လက်ဝှေ့အားကစားရုံ၌ ကျင်းပရာ စိန်ခေါ်သူ စောဂေါ်မူဒို ရှုံးနိမ့်ပြီး ထွန်းထွန်းမင်း ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။

စိန်ခေါ်သူနှင့် ချန်ပီယံကာကွယ်လိုသူတို့နှစ်ဦး ပထမအချီ စတင်ရင်ဆိုင်စဉ်ကပင် ထွန်းထွန်းမင်းက စောဂေါ်မူဒိုအား ခြေစောင်းကန်ချက်များဖြင့် စတင်ခဲ့သလို စောဂေါ်မူဒိုကလည်း သတိထားအလစ်အငိုက်ချောင်း၍ တန်ပြန်တိုက်ခိုက်ခဲ့သည်။ သို့သော် ထွန်းထွန်းမင်း လျှပ်တစ်ပြက်လက်သီးတွဲလုံးများ စောဂေါ်မူဒိုမျက်စိထိမှန်ကာ ကြိုးဝိုင်းအပြင်သို့ လဲကျပြီးအနားတောင်းလိုက်ရသည်။ ဒိုင်အဖွဲ့က အနားတောင်းလိုက်သည့် စက္ကန့်ပိုင်းသာလိုသည့်အချိန်ကို ပထမအချီအပြီးသတ်မှတ်ခဲ့ပြီး ဒုတိယအချီတွင် ဖြည့်စွက်ထိုးရန် တည်ပေးခဲ့သည်။ ပြန်အစတွင် ထွန်းထွန်းမင်း၏ ဘယ်ညာ လက်သီးတွဲလုံးများနှင့် ခြေကန်ရိုက်ဖြုတ်ချက်များ ဒဏ်မခံနိုင်၍ စောဂေါ်မူဒို မကြာခဏလဲကျနေသည်။ လက်ဝှေ့ပရိသတ်က စတုတ္ထအချီထိ ယှဉ်ပြိုင်နိုင်စွမ်းရှိလိမ့်မည်ဟု ထင်မှတ်ထားခဲ့သော်လည်း ဒုတိယအချီ ၃ မိနစ် ၃၃ စက္ကန့်မှာပင် ထွန်းထွန်းမင်း၏ အဝင်အထွက်ကြမ်းကြမ်းလက်သီးနှင့် ခြေကန်ချက်များ စောဂေါ်မူဒို ချက်ကောင်းထိလဲကျကာ ပြန်မထနိုင်တော့သဖြင့် ထွန်းထွန်းမင်းအနိုင်ရရှိပြီး ချန်ပီယံဘွဲ့ကို ဆက်လက်ကာကွယ်နိုင်ခဲ့သည်။

သုံးချီပွဲစဉ်ဖြစ်သည့် ရှမ်းညီ (T&T) နှင့် နိုင်လင်းထွန်း(နဂါးမာန်) တို့ပွဲစဉ် ပထမအချီမှာပင် ရှမ်းညီ အနိုင်ရရှိခဲ့သလို လေးချီပွဲစဉ်ဖြစ်သည့် ကိုကိုအောင်(ထွန်းသွင်)နှင့် စောသူရိန်(သတ္တိ)တို့ပွဲစဉ် ဒုတိယအချီမှာပင် စောသူရိန် နှာခေါင်းသွေးများဖြာကျလာသည်။ တတိယအချီထိယှဉ်ပြိုင်သော်လည်း လက်ရည်မမျှသဖြင့် ကြိုးဝိုင်းဒိုင်က ကိုကိုအောင်ကို အနိုင်ပေးခဲ့သည်။

ငါးချီစိန်ခေါ်ပွဲ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်)တို့ပွဲစဉ် ပထမအချီမှာပင် ကျော်ဝင်းအောင်ကို ထွန်းလွင်မိုး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

သုံးချီမျိုးဆက်သစ် စိန်ခေါ်ပွဲဖြစ်သည့် ထွန်းမင်းနိုင်(ထွန်းထွန်းမင်း)နှင့် ကျော်စွာဝင်း(ယူနိုက်တက်)၊ ငါးချီပွဲစဉ် နေရှုဘီ(STL)နှင့် စိုးမောင်(ရတနာပုံ)၊ မျိုးမာန်သစ်(STL)နှင့် ရန်တိုင်းကျော် (အလင်းရောင်)၊ စောသဲဦး(STL)နှင့် ကျားဗဟိန်း(အလင်းရောင်)၊ ရှမ်းကို(T&T) နှင့် ရဲတံခွန်(အဖြူရောင်သွေးသစ်)တို့ ပွဲစဉ်များ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သော်လည်း စောသဲဦးနှင့် ကျားဗဟိန်းပွဲစဉ်နှင့် မျိုးဆက်သစ်တို့ ပွဲစဉ်သည် ပရိသတ်အကြိုက်ပွဲစဉ်များ ဖြစ်ခဲ့သည်။



ထွန်းထွန်းမင်းနှင့် စောဂေါ်မူဒို အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်စဉ်။

သတင်း - အောင်ကျော်ဦး
ဓာတ်ပုံ - ခင်မောင်ဝင်း

# မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ပျဉ်းမနား ဇန်နဝါရီ ၁၇**

ပျဉ်းမနားမြို့ အမှတ်(၁)မြို့မဈေးတွင် ဈေးမှတစ်ဆင့် မီးလောင်မှုမဖြစ်ပွားစေရန် မီးငြှိမ်းသတ်နည်းသရုပ်ပြပွဲနှင့် ဟောပြောပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက ဈေးတာဝန်ခံရုံးရှေ့၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ ဈေးများဌာနဒုတိယညွှန်ကြားရေးမှူး ဦးအောင်ခန့်၊ ပြည်ထောင်စုနယ်မြေ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးလှိုင်၊ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်တို့က အသိပညာပေးဟောပြောခဲ့ပြီး မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဗဟုသုတတိုးပွားစေမည့် ကလေးစာပေများ ထွန်းကားစေရန် ရည်ရွယ်သည့် နိုဘယ်-မြန်မာစာပေပွဲတော်

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးငယ်များ ငယ်စဉ်မှစ၍ စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးငယ်များအတွက် စာအုပ်စာပေကောင်းများ ပိုမိုပြည့်စုံစွာ ပေါ်ထွက်လာစေရန်နှင့် ကလေးစာပေဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် ၂၀၁၆ ခုနှစ် နိုဘယ်-မြန်မာစာပေပွဲတော်ကြီးကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်တိုင် ရန်ကုန်မြို့ မြေနီကုန်း ရှင်စောပုလမ်းရှိ MEP (Myanmar Evant Park) ၌ စည်ကားစွာ ကျင်းပလျက်ရှိသည်။

ကလေးငယ်များ ကိုယ်တိုင်ကိုယ်ကျ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခွင့်ရပြီး များပြားလှသည့် အစီအစဉ်ကောင်းများ၊ စာပေချစ်သူများနှင့် စည်ကားစွာကျင်းပနေသည့် အဆိုပါ နိုဘယ်-မြန်မာစာပေပွဲတော်ကြီးသို့ ကြေးမုံမှ သွားရောက်၍ တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်။

**စာရေးဆရာဖေမြင့် (နိုဘယ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ)**

"၂၀၁၆ နိုဘယ်-မြန်မာစာပေပွဲတော်ကို ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီးလုပ်ဖြစ်တာပါ။ ကလေးစာပေတင်မကပါဘူး။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရည်ရွယ်ပါတယ်။ ကလေးအတွက် လုပ်တဲ့အခါကျတော့ ကလေးတွေက မိဘတွေနဲ့အတူ လာကြည့်ကြမယ်။ အခမဲ့ဝေပေးတဲ့ စာအုပ်တွေရမယ်။ ကြိုက်တာရှိရင်လည်းဝယ်ကြမယ်။ စာဖတ်ဝါသနာကို ငယ်ငယ်ကတည်းက ရသွားတဲ့ကလေးဟာ ရာသက်ပန်စာဖတ်ဝါသနာရှင်ဖြစ်သွားမယ်။ စာဖတ်ခြင်းကနေ စိတ်ထားကောင်းတွေရမယ်။ အသိတရားပြည့်ဝတဲ့သူတွေဖြစ်မယ်။ ချဲ့ပြောရရင် ဗဟုသုတရှိပြီး စိတ်ကောင်း၊ နှလုံးကောင်းရှိတဲ့ လူငယ်တွေဖြစ်လာရင် သူတို့ကိုယ်တိုင်လည်း အကျိုးရှိတယ်။ တိုင်းပြည်အတွက်လည်း အကျိုးရှိမယ်။

"ကလေးစာပေရဲ့ အနာဂတ်အတွက် အစဉ်အလာရှိခဲ့တဲ့ ကလေးစာပေတွေကို ထိန်းသိမ်းရမှာဖြစ်သလို ဒီနေ့ခေတ် စာရေးဆရာတွေကနေ သူတို့စိတ်ကူးနဲ့ ရေးလိုက်တဲ့ပုံပြင်၊ ဇာတ်လမ်းတွေ အသစ်ပေါ်ထွက်ဖို့နဲ့ ရသပုံပြင်တွေသာမက ကလေးဘဝကနေ အရွယ်ရောက်လာတဲ့ အချိန်အထိ ဗဟုသုတရစေနိုင်မယ့် အသိဉာဏ်တွေပေးနိုင်မယ့် ကလေးစာပေတွေ ထွန်းကားဖို့ကိုလည်း ရည်ရွယ်ပါတယ်။"

**စာရေးဆရာ မောင်ခေတ်ထွန်း (ဘကြီးအောင်ညာတယ်ပြဇာတ် ကလေးသရုပ်ဆောင်)**

"ကလေးစာပေဖွံ့ဖြိုးရေးအတွက် အဓိကလုပ်တဲ့ပွဲမှာ ကျွန်တော်က ကလေးစာပေရေးတဲ့ စာရေးဆရာဆိုတော့ ပူးပေါင်းပါဝင်တာပါ။ ပထမတုန်းက စာတမ်းဖတ်ဖို့ပါ။ ကျွန်တော် ပုံစံက ကလေးနဲ့တူနေလို့ အခုတော့ပြဇာတ်ထဲ ပါသွားတယ်။ ဆရာကြီး မင်းသုဝဏ်ရေးတဲ့ "ဘကြီးအောင်ညာတယ် ပြဇာတ်" မှာ လူကြီးကနေ ကလေးပုံစံသရုပ်ဆောင်ရမှာပါ။ ဇာတ်ညွှန်းကတော့ ဆရာချစ်ဦးညိုပါ။ အဓိကပြောချင်တာက လူကြီးမိဘတွေအနေနဲ့ ကလေးတွေကို ပြောပြီးရင် ကတိတည်ဖို့၊ ကလေးတွေအနေနဲ့ အကြောင်းအရာတစ်ခုကို စိတ်ထဲစွဲသွားရင် ခက်မယ်။ ဒီလိုမလုပ်သင့်ဘူး၊ လူကြီးတွေအနေနဲ့ ပြောရင်ပြောတဲ့အတိုင်း လုပ်ပေးသင့်တယ်၊ ဒါကို ပြောချင်တာပါ။ ဇာတ်လမ်းကတော့ အလွမ်းဇာတ်ပဲ။ ဒါပေမယ့် ကြည့်သူတွေ မငြီးငွေ့အောင် ဟာသလေးတွေ ထည့်ထားတယ်။ စာရေးဆရာတွေ၊ ကာတွန်းဆရာတွေ ဖျော်ဖြေမှာပါ။"

**မခိုင်မွန် (ပုံပြောအစီအစဉ်တွင် ပါဝင်သည့် သပြေကလေးလူငယ် ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုအဖွဲ့)**

"ဒီပွဲက ကလေးစာပေဖွံ့ဖြိုးရေးပွဲဖြစ်တာကြောင့် ကျွန်မတို့နဲ့ သက်ဆိုင်တဲ့အတွက် ပူးပေါင်းပါဝင်ဖြစ်တာပါ။ ကျွန်မတို့အဖွဲ့က



မြန်မာစာရေးဆရာတွေနဲ့ ပန်းချီဆရာတွေ ဖန်တီးထားတဲ့ စာအုပ်တွေနဲ့ ကိုရီးယားစာပေတွေကို ဘာသာပြန်ထားတဲ့ စာအုပ်တွေထဲက ပုံပြင်တွေကို ပြောပြမှာပါ။ ပုံပြောအစီအစဉ်မှာက အားလုံးသုံးဖွဲ့ပါ။ ညောင်ပင်သာ ကလေးစာကြည့်တိုက်အဖွဲ့က ကချင်၊ ကယား၊ ကရင်၊ ချင်း စတဲ့ တိုင်းရင်းသားပုံပြင်တွေကို အဓိကထားပြောမှာပါ။ ပုံပြောသူများအဖွဲ့ကတော့ ပုံပြင်ကို သီချင်းတွေ၊ ဟန်ပန် သရုပ်ဖော်တင်ဆက်မှုတွေနဲ့ ပြောပြမှာပါ။ လာတဲ့ကလေးတွေ မပျင်းရအောင် မတူညီတဲ့ ပုံစံနဲ့ စီစဉ်တင်ဆက်မှာပါ။ ကျွန်မတို့အဖွဲ့က နံနက် ၁၀ နာရီကနေ မွန်းတည့် ၁၂ နာရီအထိ သုံးရက်လုံးလုံး ပုံပြောမှာပါ။"

**ဒေါ်မြင့်မြင့်မူ (ကျောင်းအုပ်ဆရာမကြီး၊ အလက-၈၊ လှိုင်)**

"နိုဘယ်-မြန်မာ စာပေပွဲတော်မှာပါတဲ့ ဆရာအာသာက ဖိတ်လို့ လာခဲ့ကြတာပါ။ ကလေးတွေကိုလည်း ပျော်စေချင်တယ်။ ဗဟုသုတတွေလည်းရစေချင်တယ်။ ကဗျာပြိုင်ဖို့ စာရင်းပေးထားပါတယ်။ ကလေးတွေက စာအုပ်တွေကို စိတ်ဝင်စားမယ်။ ကာတွန်းရုပ်ကလေးတွေပါတဲ့ စာအုပ်ဆို အရုပ်ကြည့်တဲ့ အရွယ်က အရုပ်ကြည့်မယ်။ စာဖတ်တတ်တဲ့ အရွယ်က စာဖတ်ကြမယ်။ ဒီလို စာဖတ်မှ ကလေးတွေအသိတရားရှိမယ်။ အသိတရားရှိမှ ကောင်းတာ၊ ဆိုးတာကို ခွဲခြားနိုင်မယ်။ ဝေဖန်နိုင်မယ်။ အခု ဒီကိုလာတဲ့ကလေးတွေ အကုန်လုံး စာအုပ်လေးတွေ လက်ဆောင်ရတယ်။ ကဗျာပြိုင်တဲ့ကလေးတွေ၊ ပုံပြောပြိုင်တဲ့ကလေးတွေလည်း လက်ဆောင်လေးတွေရကြတယ်။ ဝယ်ချင်လည်းဝယ်လို့ရတယ်။ ဆေးရောင်ခြယ်တဲ့နေရာတွေရှိတယ်။ ပန်းချီဝါသနာပါရင် ပန်းချီဆွဲလို့ရတယ်။ ကလေးတွေအတွက်တော့ ဒီလို ပွဲတော်မျိုးဟာ တကယ့်ကိုမှ လိုအပ်ပါတယ်။"

**ဒေါ်ဝင်းဝင်းမာ (ကလေးမိဘတစ်ဦး၊ တောင်ဥက္ကလာ (၁၅) ရပ်ကွက်)**

"သားနှစ်ယောက်နဲ့ အတူလာတာပါ။ သူတို့က ပန်းချီလည်း ဝါသနာပါတယ်။ ဒီမှာက ပန်းချီရော၊ ပုံပြောရော ဝင်ပြိုင်လို့ရတယ်ဆိုပြီး ခေါ်လာတာ။ သားနှစ်ယောက်လုံးက ပုံပြောမှာ အမှတ်တရစာအုပ်ဝယ်ခွင့် ဆုရတယ်လေ။ ဒီလိုပြပွဲတွေက ကလေးတွေအတွက် တကယ်လိုအပ်တာပါ။တစ်နေရာတည်းမှာ စာအုပ်တွေရော နောက်ပြီး ကလေး



ဆရာဖေမြင့်။



ဆရာမောင်ခေတ်ထွန်း။

တွေ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လို့ရတဲ့ ပန်းချီဆွဲတာမျိုး၊ ပုံပြောတာမျိုးတွေပါ။ ကျွန်မက ကလေးတွေကို ကျောင်းစာတင်မကဘူး တခြား ဗဟုသုတဖြစ်မယ့် စာအုပ်တွေ အကုန်ပေးဖတ်ပါတယ်။ နောက်ဝါသနာပါရာလည်း လုပ်ခွင့်ပေးတယ်။ ဒါမှ ကလေးတွေက ဉာဏ်ထက်ပြီး သွက်လက်ပျော်ရွှင်နေမှာပါ။"

**မောင်အောင်မြင့်မြတ် (အမက ၃၁၊ တောင်ဥက္ကလာ)**

"သားက တတိယတန်းတက်နေတာပါ။ ဒီကိုလာရတာ အလွန်ပျော်ပါတယ်။ ပုံပြောခဲ့လို့ဆုရတာပါ။ ပုံပြောမှာ ဆုရတော့ စာအုပ်ကြိုက်တာယူဆိုလို့ သားက ရွှေသွေးနာမည်ပါတဲ့စာအုပ်ယူလိုက်တယ်။ သားက တခြားစာအုပ်တွေထက် ရွှေသွေးကို ပိုကြိုက်တယ်။"

**မြန်မာ့ဂုဏ်ရည် ဦးစိန်တိုးကြည် (ရုပ်သေးကြိုးဆွဲပညာဖြင့် လာရောက်ဖျော်ဖြေသူ)**

"မြန်မာ့အမြင့်သဘင်ကိုလည်း ထိန်းသိမ်းဖော်ဆောင်ရာရောက်မယ်။ မြန်မာ့ရုပ်သေးပညာကိုလည်း တိုးတက်ပြန့်ပွားစေဖို့ ရည်ရွယ်ပြီး အခမဲ့လာဖျော်ဖြေတာပါ။ ဦးရွှေရိုးရော ဒေါ်မိုးပါ ပါမယ်။ အရုပ်လေးတွေ အားလုံးပေါင်း ၃၀ ကျော်လောက်ပါပါမယ်။ ပန်းကွင်းခုန်တာပါမယ်။ နောက်ပြီး အရုပ်လေးတွေ ခြင်းခတ်တာလည်းပါမယ်။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမယ်ဆိုတော့ ခြင်းလုံးကို ရုပ်စုံပညာနဲ့ ကပြမှာဖြစ်တယ်။"

အဆိုပါပွဲတော်တွင် မြန်မာ့ရိုးရာချစ်စရာကြိုးဆွဲရုပ်သေးလေးများ၏ ကပြဖျော်ဖြေမှုများ၊ စာရေးဆရာကြီးများ၏ စာတမ်းဖတ်ပွဲများ၊ ကလေးငယ်များအတွက် ပုံပြောပြိုင်ပွဲများ၊ ဆေးရောင်ချယ်ပြိုင်ပွဲများ၊ ပန်းချီပြိုင်ပွဲများ၊ ကဗျာရွတ်ပြိုင်ပွဲများ၊ ရင်သွေးငယ်များအတွက် စာဖတ်စွမ်းရည်ပြပွဲများ၊ ပျော်ရွှင်စရာအစီအစဉ်ပေါင်း မြောက်မြားစွာ ပါဝင်မည်ဖြစ်သည့်အပြင် စာဖတ်ဝါသနာပါသူများ လေ့လာဝယ်ယူနိုင်မည့် စာအုပ်ဆိုင်ခန်းပေါင်း ၁၁၀ ခန့် ဖွင့်လှစ်ထားကြောင်း သိရသည်။

ထို့ပြင် ညပိုင်း ဖျော်ဖြေရေးအစီအစဉ်များကိုလည်း ညနေ ၆ နာရီမှ စတင်ကာ ည ၁၁ နာရီထိ သုခရိပ်မြုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကလေးငယ်များ၏ ယိမ်းအက၊ အလှနှင့်ကပြဖျော်ဖြေမှုများ၊ စာရေးဆရာများက ကလေးငယ်များအဖြစ် သရုပ်ဆောင်သီဆိုကပြမည့် "ပျော်ရွှင်မြူးကြွ တေးဂီတ" အစီအစဉ်တို့အပြင် စာရေးဆရာကြီး ချစ်ဦးညိုက ဇာတ်ညွှန်းရေးပြီး ဒါရိုက်တာ နန်းဝင်း ဖန်တီးပုံဖော်သည့် ဆရာကြီး မင်းသုဝဏ်၏ "ဘကြီးအောင်ညာတယ်" ပြဇာတ်ကို ဝတ္ထု၊ ကဗျာ၊ ပန်းချီ၊ ကာတွန်း၊ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကပြသွားမည်ဖြစ်ကြောင်း သိရသည်။

(တွေ့ဆုံမေးမြန်း / ဓာတ်ပုံ – သီသီမင်း)

# ဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်

**မန္တလေး ဇန်နဝါရီ ၁၇**

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် Max Power ဖလားဝိုင်းဖွဲ့ခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဝေရောစနကျောက်စိမ်းစေတီတော်အနီးရှိ ခြင်းလုံးအားကစားရုံ၌ကျင်းပရာ အာရှခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့၏ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့်တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲကို မိုးလုံလေလုံအားကစားရုံပြင်ပတွင် ပထမဦးဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း၊ အမျိုးသမီးအလွတ်တန်း၊ အမျိုးသားလူသစ်တန်းပွဲစဉ်များ ကျင်းပပြီး ခြင်းလုံးပြိုင်ပွဲတွင် (၁၀) ပေါက်တန်း၊ အမျိုးသမီးလူသစ်တန်း၊ ခြင်းလုံးအတော့၊ စွမ်းရည်ပြအလှခတ်ပွဲစဉ်များ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကာ အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**(သတင်းနှင့်ဓာတ်ပုံ-ရန်စိုး)**



(၁၀) ပေါက်တန်း ခြင်းလုံးခတ်ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

# သာစည်မြို့နယ် စည်ပင် လိုင်စင်အိတ်ဖွင့်လေလံရောင်းချမည်

**သာစည် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအပိုင်းအခြားအတွက် အခြားအခွင့်အရေးလိုင်စင်များ အိတ်ဖွင့်လေလံရောင်းချခြင်းကို ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခြားအခွင့်အရေးလိုင်စင်များ အိတ်ဖွင့်လေလံရောင်းချရာတွင် မြို့နယ်အတွင်းရှိ ဈေးကောက်လိုင်စင်များ၊ ဈေးစက်ဘီးအပ်နှံခလိုင်စင်များ၊ ဈေးရေလောင်းအိမ်သာခကောက်လိုင်စင်များ၊ နွားပွဲဈေး ဈေးကောက်လိုင်စင်၊ အပေါင်ဆိုင်လိုင်စင်များအပြင် သားသတ်အခွင့်အရေးလိုင်စင် ၃၀ ခုတို့အား ခုံခွဲစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**

❒

# ဂေါက်သီးရိုက်ပြိုင်ပွဲနောက်ဆုံးနေ့ (၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာပီဂျီအေ(Myanmar PGA) နှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့ ကြီးမှူး၍ Yangon Triple Co., Ltd. က အဓိက ကူညီပံ့ပိုးသော YCDC Cup Open Golf Championship 2016 Presented by Yangon Triple ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ (၁၈) ကျင်းပြိုင်ပွဲကို ဇန်နဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို (ငွေသော်တာဂေါက်ကွင်း) တွင်ကျင်းပရာ နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆုများကို မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာရေး ကော်မတီ ဦးစိုးစည်က ဝါသနာရှင်အဆင့် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် (၂၁၈) ချက်ဖြင့် တတိယရရှိသော ခင်ဇော်ဝင်း၊ စုစုပေါင်းရိုက်ချက် (၂၁၈)ချက်ဖြင့် ဒုတိယရရှိသော ကျော်ဇင်ထွန်း၊ စုစုပေါင်းရိုက်ချက် (၂၁၅)ချက်ဖြင့် ပထမရရှိသွားသော စည်သူရဲရင့်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးက Professional အဆင့်တွင် စုစုပေါင်းရိုက်ချက် (၂၁၃)ချက်ဖြင့် တတိယရရှိသော စိုးကျော်နိုင် (HAN Golf Academy)၊ စုစုပေါင်းရိုက်ချက် (၂၁၃)ချက်ဖြင့် ဒုတိယရရှိသော ရန်မျိုးအေး (CEO Group)၊ စုစုပေါင်းရိုက်ချက် ( ၂၀၅ ) ချက်ဖြင့် ပထမရရှိသော မျိုးဝင်းအောင် (PRGR)တို့အား ဆုများပေးအပ်ချီးမြှင့်၍ Yangon Triple Co., Ltd. Chairman ဦးခွန်နောင်မြင့်ဝေက ပထမဆုရရှိသော မျိုးဝင်းအောင် (PRGR)အား ဆုကြေးငွေချက်လက်မှတ် ပေးအပ်ချီးမြှင့်သည်။

**ဖိုးသော်ဇင်**



သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၏ (၃၈)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ်ဒေါက်တာ ရွှေတိုးက သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိသူ မဆုဝတ်ရည်ထွန်းအား ဘွဲ့လက်မှတ်အပ်နှင်းစဉ်။ (ကြေးမုံ)

## ကျေးရွာစီမံကိန်းအလုပ်ရုံဆွေးနွေး

**ကောလင်း ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျင်းပသော မြစိမ်းရောင်စီမံကိန်း အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကောလင်းမြို့နယ် ကရာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် တက်ရောက်ကြသူများက အကြံပြုဆွေးနွေးခြင်း၊ မြစိမ်းရောင် စီမံကိန်းဝင်ကျေးရွာ ၁၀ ရွာ ကော်မတီဝင်များက နောင်တွင် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြောင်း သိရသည်။ **ကိုကိုညိမ်း (ကောလင်း)**



လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန (ဇလဗေဒဌာနခွဲ)(ရုံးချုပ်) ရန်ကုန်မြို့မှ ညွှန်ကြားရေးမှူး ဒေါ်ခေါန်ရာ၊ ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်နှင့် ၁၆ ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း ဒေးဒရဲနှင့် ဘိုကလေးမြို့နယ်များရှိ တာတမံများ၊ ရေတံခါးများ၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

သပြေထွန်း

# ငါ့သရောက်မြို့ ပြူကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းထားရှိပေးရန် ဒေသခံများမျှော်လင့်

**ငါ့သရောက် ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲအတွင်းရှိ ကျေးရွာတစ်ရွာဖြစ်သည့် ပြူကြီးကျေးရွာအုပ်စုသည် အိမ်ထောင်စု ၂၈၅ စု လူဦးရေ ၂၀၀၀ ကျော်ခန့်ရှိပြီး ကျေးလက်နေပြည်သူများမှာ မြေယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားရေးကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြသည့် အပြင် တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင် ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ ကျေးလက်သဘာဝ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ကြရာ၌ ကျန်းမာရေး မကောင်းဖြစ်သည့် အချိန်များတွင် ကျေးရွာ၌ ကျေးလက်ဆေးပေးခန်း မရှိသည့်အတွက် ဆေးကုသမှုများ ဆောင်ရွက်ရန် အခက်အခဲများနှင့်ကြုံတွေ့နေရပြီး မိမိတို့ကျေးရွာတွင် လွယ်လင့်တကူ ကျန်းမာရေး စောင့်ရှောက်ကုသမှုများ ဆောင်ရွက်နိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခု ထားရှိပေးစေလိုကြောင်း ပြူကြီး ကျေးရွာရှိ ဒေသခံပြည်သူများက ပြောသည်။

“ကျွန်တော်တို့ကျေးရွာက ဒေသခံပြည်သူတွေဟာ မိရိုးဖလာအလုပ်ဖြစ်တဲ့ မြေယာစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြတာပါ။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြတာဆိုတော့ နေပူမိုးရွာမရှောင် အလုပ်လုပ်နေကြရတာပါ။ နွေ၊ မိုး၊ ဆောင်း သုံးရာသီမှာ သူ့အချိန်နဲ့သူ မြေယာလုပ်ငန်းက မပြတ်ဆောင်ရွက်နေရတာပါ။ အဲဒီလို လုပ်ကိုင်ဆောင်ရွက်နေရတာဆိုတော့ အခန့်မသင့်လို့ ကျန်းမာရေးချို့ယွင်းပါက ရွာမှာ ကျေးလက်ဆေးပေးခန်းမရှိတဲ့အတွက် ဆေးကုသဖို့ ခက်ခဲနေပါတယ်။

“နောက်ပြီး ကျန်းမာရေးက ဖျားတာ၊ နာတာဆိုရင် ဆေးသောက်ရုံနဲ့ ကုသလို့ရပေမယ့် တခြားရောဂါတွေဆိုရင် အလွန်ကို ဒုက္ခများပါတယ်။ အချိန်မီ ဆေးကုသနိုင်ဖို့အတွက် ကားငှားပြီးသွားရပါတယ်။ ကားငှားပြီး သွားရတဲ့အတွက် တောင်သူတွေ ငွေကြေးလည်း အကုန်အကျများပါတယ်။ ဒါကြောင့် တချို့ ကျေးလက်တောရွာ တော်တော်များများမှာ ကျေးလက်ဆေးပေးခန်းတွေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးနေတာတွေ မြင်တွေ့ရတော့ ကျွန်တော်တို့ ရွာကိုလည်း ကျေးလက်ဆေးပေးခန်းတစ်ခု စီစဉ်ဆောင်ရွက်ပေးခဲ့မယ်ဆိုရင် ရွာမှာရှိတဲ့ ကျေးလက်နေပြည်သူတွေအတွက် လွယ်လင့်တကူ ကျန်းမာရေး စမ်းသပ်ကုသမှုတွေ ဆောင်ရွက်နိုင်မှာဖြစ်လို့ ကျေးလက်ဆေးပေးခန်းကို မျှော်လင့်နေကြပါတယ်”ဟု ငါ့သရောက်မြို့နယ်ခွဲ ပြူကြီးကျေးရွာမှ ဒေသခံပြည်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ကော့သောင်းမြို့တွင်းလမ်းများပေါ် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှား



**ကော့သောင်း ဇန်နဝါရီ ၁၇**

ကော့သောင်းမြို့ ကမ်းနီးပရဟိတ အဖွဲ့မှ မြို့တွင်းလမ်းများပေါ် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားလုပ်အားဒါနပြုခြင်း အစီအစဉ်တစ်ရပ်ကို ဇန်နဝါရီ ၁၅ ရက် ညနေပိုင်းက စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

ကော့သောင်းမြို့သည်တောင်စောင်း တောင်ကုန်းများပေါ်တွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်သည့် မြို့ဖြစ်ရာ အဆိုပါနေ့ ညနေပိုင်းက ရုတ်တရက်သည်းထန်စွာ ရွာသွန်းခဲ့သည့် မိုးနှင့်အတူ မြို့နေပြည်သူ တချို့အမှိုက်များကို စည်းကမ်းမဲ့ ရေနုတ်မြောင်းအတွင်း စွန့်ပစ်မှုကြောင့် မြောင်းများပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အမှိုက်များ ကားလမ်းပေါ် မြင်မကောင်းစွာ တင်ကျန်နေမှုကြောင့် ကမ်းနီးပရဟိတအဖွဲ့မှ အဆိုပါ အမှိုက်သရိုက်များအား ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့် သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ သယ်ယူပို့ဆောင်ပေးခြင်း စသည့် လုပ်ငန်းများကို ပရဟိတအကျိုးပြုအလုပ်အဖြစ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

# ကနီမြို့နယ် အခြေခံသမဝါယမအသင်းများသို့ ချေးငွေများထုတ်ချေးပေး

**ကနီ ဇန်နဝါရီ ၁၇**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ မြှင့်တင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ရည်ရွယ်၍ ကနီမြို့နယ် အခြေခံသမဝါယမအသင်းများသို့ (EXIM Bank) ချေးငွေများကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဇန်နဝါရီ ၁၆ ရက်က ပဥ္စမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချေးငွေပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးအောင်မင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူနွဲ့က ချေးငွေထုတ်ချေးပေးရခြင်းနှင့် ပတ်သက်၍ ယခုအကြိမ်တွင် အတိုးနှုန်း တစ်ကျပ် ပြားငါးဆယ်နှုန်းဖြင့် ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါချေးငွေပေးအပ်ပွဲတွင် ကနီမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၁၇၇ သင်းမှ အသင်းသား ၁၂၅၂၃ ဦးအတွက် ကျပ်သိန်းပေါင်း ၁၅၃၂၉ သိန်းကို (EXIM Bank) ချေးငွေကျပ်သန်း ၄၀၀ မှ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ချေးငွေပေးအပ်ပွဲတွင် မြို့နယ်အတွင်း ယခင်နှစ် (EXIM Bank)ချေးငွေကျပ်သိန်း ၁၀၀ အထက်၊ ၅၁ သိန်းမှ သိန်း ၁၀၀ အထိနှင့် သိန်း ၅၀ အောက် ထုတ်ချေးမှုတွင် ပြန်လည်ပေးချေနိုင်ခဲ့သည့် အသင်းများထဲမှ ဆုရရှိသောအသင်းများကို မြို့နယ်သမဝါယမအသင်းစုမှ ဆုများပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## ပလက်ဖောင်း ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့တွင်း သွားလာမှုအဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလက်ဖောင်းများကို ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က မြို့တွင်းလမ်းမှာ ကတ္တရာလမ်းဖြစ်ပြီး ယခုအခါ ရှစ်လက်မအမြင့်ရှိ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သောကြောင့် လမ်းအမြင့်နှင့်အညီ အဆင်ပြေစွာသွားလာနိုင်ရန် ယခုကဲ့သို့ ပလက်ဖောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**




# MISS TOURISM ဆုကို ထိုင်းနိုင်ငံအလှမယ်ဆွတ်ခူး

MISS TOURISM ၂၀၁၅-၂၀၁၆ GRAND FINAL ပြိုင်ပွဲကို ပြိုင်ပွဲဝင် နိုင်ငံတိုင်း၏ ခရီးသွား၊ ယဉ်ကျေးမှုမြှင့်တင်ရန် နိုင်ငံတိုင်းမှ ရည်ရွယ်ပြီး မလေးရှားနိုင်ငံ SWISS-GARDEN HOTEL ၌ ဇန်နဝါရီ ၁၆ ရက် ညပိုင်းကကျင်းပရာ နိုင်ငံပေါင်း ၄၈ နိုင်ငံမှ နောက်ဆုံး ဆန်ခါတင် ပြိုင်ပွဲဝင် ၄၈ ဦး ယှဉ်ပြိုင်ကြပြီး Miss Tourism Thailand က MISS TOURISM World ဆုကိုရရှိခဲ့သည်။

MISS TOURISM ပြိုင်ပွဲတွင် 1st Runner Up ဆုကို အီကွေဒေါနိုင်ငံမှ ဆွတ်ခူးခဲ့ပြီး 2nd Runner Up ဆုကို ဗင်နီဇွဲလားနိုင်ငံမှလည်းကောင်း၊ 3rd Runner Up ဆုကို ဆားဗီးယားနိုင်ငံမှ လည်းကောင်း၊ 4th Runner Up ဆုကို ဗြိတိန်နိုင်ငံမှလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း အင်တာနက်စာမျက်နှာတွင်ဖော်ပြထားသည်။ အကဲဖြတ်အမှတ်ပေးမှုကို Shore Shopping Mall တွင် ကျင်းပခဲ့ပြီး ဖက်ရှင်ဒီဇိုင်းအလှဆုများကိုလည်း ချီးမြှင့်ပေးမည်ဟု သိရသည်။

**(သန့်ဇင်ဝင်း)**

# ပူဆွေးမှုတွေဆက်နေတဲ့ စလင်းဒီယွန်



"My Heart Will Go On"တေးသီချင်းအဆိုတော် စလင်းဒီယွန်အတွက် ချစ်ခင်သူတွေနဲ့ သေကွဲကွဲရတဲ့ဝေဒနာကို အခုရက်ပိုင်းမှာ ဆက်တိုက်ခံစားနေရပါတယ်။ သူနဲ့ဆယ်စုနှစ်နှစ်စုကျော်ကြာ လက်တွဲလာခဲ့တဲ့ ခင်ပွန်းဖြစ်သူ ရီနေးလ်အန်ဂျလီဟာ လည်ချောင်းကင်ဆာနဲ့ သေဆုံးသွားခဲ့ပြီး နောက်နှစ်ရက်အကြာမှာတော့ သူ့ရဲ့အစ်ကိုဖြစ်သူ ဒန်နီရယ်လ်ဒီယွန်ဟာလည်း လည်ချောင်း၊ လျှာနဲ့ဦးနှောက် ကင်ဆာရောဂါတွေနဲ့ ကွယ်လွန်သွားခဲ့ကြောင်း စီဘီစီသတင်းဌာနက ဖော်ပြခဲ့ပါတယ်။

စလင်းဒီယွန်ရဲ့အစ်ကိုဖြစ်သူ ကွယ်လွန်ချိန်မှာ အသက် (၅၉)နှစ်ရှိပြီဖြစ်ကာ သမီးနှစ်ယောက် ကျန်ရှိခဲ့ပါတယ်။ ဒန်နီရယ်ဒီယွန်ဟာ စလင်းဒီယွန်တို့မွေးချင်းစုစုပေါင်း ၁၄ဦးအနက် ရှစ်ယောက်မြောက် ဖြစ်ပါတယ်။

ဒန်နီရယ်လ်ဒီယွန်ရဲ့ သေဆုံးမှုနဲ့ပတ်သက်ပြီး ညီမတစ်ဦးဖြစ်သူ ခလော့ဒက်ထ်က "ဒန်နီရယ်လ်ဟာ လည်ချောင်း၊ လျှာနဲ့ ဦးနှောက်ကင်ဆာရောဂါတွေကြောင့် ဆုံးပါးခဲ့ရပါပြီ။ သူသေဆုံးချိန်မှာ အနားမှာ မိသားစုတွေဝန်းရံလို့ပေါ့။ အသက်(၈၉)နှစ်အရွယ် ကျွန်မတို့ရဲ့မိခင်ကြီးလည်း သူ့ဘေးမှာရှိနေခဲ့ပါတယ်"လို့ မွန်ထရီရယ်လ်ဂျာနယ်ကို ပြောကြားခဲ့ပါတယ်။

စလင်းဒီယွန်ဟာ ဒီဝမ်းနည်းဖွယ်အဖြစ်အပျက်တွေကြောင့် သူ့ရဲ့ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းခဲ့ပါတယ်။

# ဆယ်ဖီလ်ရိုက်ရတာကို မကြိုက်တဲ့ ဆန်ဒရာဘူးလော့ထ်



ယနေ့ခေတ်မှာ လူအများကြားခေတ်စားတဲ့အလေ့အထတစ်ခုဖြစ်တဲ့ ရောက်တဲ့နေရာမှာ ကိုယ့်ဓာတ်ပုံလေးတွေကို ကိုယ်တိုင်ပြန်ရိုက်လေ့ရှိတဲ့ ဆယ်ဖီလ်ဓာတ်ပုံရိုက်ခြင်းကို ၂၀၁၅ခုနှစ်ရဲ့ အလှဆုံးအမျိုးသမီးရယ်လို့ သတ်မှတ်ထားခြင်းခံရတဲ့ ဟောလိဝုဒ်မင်းသမီး ဆန်ဒရာဘူးလော့ထ်ကတော့ သူ့အနေနဲ့ လုံးဝစိတ်မဝင်စားကြောင်းနဲ့ မနှစ်သက်ကြောင်း အင်္ဂလန်ရဲ့ တိုင်းမ်မဂ္ဂဇင်းနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ရင်ဖွင့်ခဲ့ပါတယ်။

ယနေ့ခေတ်အင်တာနက်လောကမှာ သူသူငါငါအပြိုင် ဆယ်ဖီလ်ဓာတ်ပုံတွေတင်နေကြပေမယ့် အဲဒီလိုကိုယ့်ဓာတ်ပုံကို ကိုယ့်စိတ်တိုင်းကျ ပြန်ရိုက်ထားတာမျိုးကိုမုန်းတဲ့ ဆန်ဒရာရဲ့အကြောင်းပြချက်ကတော့ သူ့အမြင်မှာ အဲဒီဆယ်ဖီလ်ဓာတ်ပုံတွေဟာ ဘယ်လိုမှ သဘာဝမကျလို့ပါတဲ့။

ဆက်လက်ပြီး မင်းသမီးက ဆယ်ဖီလ်ပုံတွေဟာ လူတွေရဲ့ဘဝအမှန်တွေကိုလည်း ထင်ဟပ်မပြနိုင်ကြောင်း ဆိုခဲ့ပါတယ်။ လူတွေဟာ သူတို့ရဲ့ ဆိုးရွားတဲ့အမူအကျင့်တွေကို ဘယ်တော့မှဓာတ်ပုံရိုက်လေ့မရှိဘဲ ကောင်းတာလေးတွေကို ပြချင်တဲ့အချိန်ကျမှ ဆယ်ဖီလ်ဓာတ်ပုံရိုက်တာဖြစ်လို့ အဲဒီဓာတ်ပုံတွေဟာ ဟန်ဆောင်မှုတစ်ခုပါပဲလို့လည်း မင်းသမီးက ဆိုခဲ့ပါတယ်။

သူ့ရဲ့အယူအဆနဲ့ ပတ်သက်ပြီး မင်းသမီးက "မင်းဟာ ကိုယ့်ကလေးကို အော်ငေါက်နေတဲ့ပုံမျိုးကို ဘယ်တော့မှ ဆယ်ဖီလ်ပုံရိုက်မတင်ဘူးလေ။ ဒီလိုကြမ်းတမ်းတဲ့မိဘအဖြစ် အခြားသူတွေ မြင်သွားမှာ စိုးရိမ်လို့ပေါ့။ နောက်ပြီး ဆယ်ဖီလ်ပုံရိုက်တင်ပြီး ငါလှလာလား၊ ပိုပိန်သွားလား အဲဒီလိုမေးခွန်းတွေ ထုတ်တတ်တာဟာလဲ ကိုယ့်ဘဝအမှန်ကို အတုအယောင်တွေနဲ့ ကာကွယ်ထားတာဖြစ်တယ်"လို့ မင်းသမီးက ပြောကြားခဲ့ပါတယ်။

# ကိုယ်ပိုင်အေဂျင်စီထောင်ဖို့ စီစဉ်နေတဲ့ ဟွန်ဘင်း



တောင်ကိုရီးယားမင်းသားချော ဟွန်ဘင်းက ပြီးခဲ့တဲ့နှစ်အကုန်မှာ အလုပ်တွဲလုပ်နေတဲ့ သူ့ရဲ့ အေဂျင်စီနဲ့ စာချုပ်ပြည့်ခဲ့ပြီဖြစ်တဲ့အတွက် နောင်အနုပညာလှုပ်ရှားမှုတွေဆက်လက်လုပ်ဆောင်နိုင်ဖို့ရာ ကိုယ်ပိုင်အေဂျင်စီတစ်ခုကို တည်ထောင်သွားဖို့ရည်ရွယ်ချက်ရှိနေကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဟွန်ဘင်းကို အခြားသောအေဂျင်စီများကလည်း သူတို့နဲ့အလုပ်တွဲလုပ်ရန် ကမ်းလှမ်းချက်တွေ ရှိခဲ့ပေမယ့်လည်း သူက ကိုယ်ပိုင်အေဂျင်စီထောင်ရန်သာ စိတ်အားထက်သန်နေခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ကိုယ်ပိုင်အေဂျင်စီကို အနုပညာလောကမှာရှိတဲ့ သူ့ရဲ့ဆရာသမားတွေရဲ့အကူအညီကို ရယူကာ တည်ထောင်သွားဖို့ ဆုံးဖြတ်ထားကြောင်းလည်း ဟွန်ဘင်းက ဆိုပါတယ်။

မကြာမီ ဟွန်ဘင်းပါဝင်ရိုက်ကူးထားတဲ့ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဇာတ်ကား တစ်ကားဖြစ်သည့် "Cooperation" ကို စတင်ထုတ်လွှင့်ပြသတော့မည်ဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့်**
**စုစည်းသည်**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၈ - ၁ -၂၀၁၆ (တနင်္လာနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
- ၈း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၃၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၀း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၃၅ "လူမှန်နေရာမှန်"(အပိုင်း-၁)
- ၁း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၉)
- ၁း၄၅ Tasty Trip (မကွေးတိုင်းဒေသကြီး၊ စေတ္တတရာ၊ ပွင့်တောက်ရွာ)
- ၂း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
- ၃း၃၅ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၄း၃၅ "traffic"(an mtv exit special) (ဖြူဖြူကျော်သိန်း)
- ၅း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၆း၃၅ Yes or No Talk Show (Male or Female)(Part-2)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း- ၅၀)
- ၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
  - နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ ဆု"(အပိုင်း-၇၀)
  - ပြည်သူ့နီတိ "မွေခံထိုက်စေ" (ခင်မို့မို့အေး၊ ကျော်ရဲကြည်၊ ရှိုးလေး၊ ဆူးမြတ်မောင်) (ဒါရိုက်တာ-မိုးဇော်ကို)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၇)
- ၆း၂၅ ပြည်သူ့နီတိ "အပြန်အလှန်"
- ၆း၄၅ တေးဂီတအစီအစဉ်
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၄၂)
- ၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၁)
- ၈း၁၃ "သစ္စာတော်စူး" (ဝင်းသော်တာညွန့်၊ အေးချမ်းမြေ့၊ ဖြိုးစုကြည်) (ဒါရိုက်တာ-ခင်မြတ်မိုး၊ ခင်ခိုင်ခိုင်ကြည်)
- ၁၀း၁၀ ASEAN Cultural Fair-2014
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "မမြင်နိုင်သော" (ထွန်းထွန်း၊ သက်မွန်မြင့်) (ဒါရိုက်တာ- ညွန့်မြန်မာညီညီအောင်)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဂန္ထဝင်အမြောက်အမုန်း (အပိုင်း-၉၀)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရွှေရောင်သက်တံများ (အပိုင်း-၁၉)
  - ကြယ်ကလေးတို့ရဲ့ဂီတမိုး ကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟိုတယ်ဘုရင်(အပိုင်း-၁)

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၄၀ "မြတ်ဗုဒ္ဓသင်ပေးသော ပညာဖြင့် စိတ်ဖိစီးမှုကို လျှော့ချခြင်း" (ပထမပိုင်း) တရားတော် [အရှင်ဝိလာသဂ္ဂ(သစ္စာရွှေပြည်ဆရာတော်)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၅)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၉၈)
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ အနုပညာမိုးကောင်းကင်
- ၁၁း၁၅ သွားမယ် စားမယ်[Ramen Bar]
- ၁၁း၄၀ Forever Music Tribute Jazz (ပထမပိုင်း)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၈)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါးစံအိမ်" (အပိုင်း-၃၉)
- ၄း၀၀ Cartoon Series (English Play ground)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၆)
- ၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါးစံအိမ်" (ဇာတ်သိမ်းပိုင်း)
- ၈း၁၀ Drive It
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၉)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၉)
- ၁၀း၅၀ အနုပညာမိုးကောင်းကင်
- ၁၁း၁၀ MRTV-4 Stage
- ၁း၀၀ World of Knowledge (Inside Nature Giants : Great White Sharks)

# ဖီဖာရဲ့စုံစမ်းစစ်ဆေးမှုခံနေရတဲ့ ရီးယဲလ်လူငယ်အပြောင်းအရွှေ့

ရီးယဲလ်မက်ဒရစ်ဟာ ဇီဒန်းရဲ့ သားလေးဦးအပါအဝင် လူငယ်ကစားသမား ၃၉ဦး စာချုပ်ချုပ်ဆိုခေါ်ယူမှုကြောင့် ဖီဖာရဲ့ စုံစမ်းစစ်ဆေးခြင်းခံနေရပြီး ဒီပြဿနာနောက်ကွယ်မှာ ကစားသမားရှစ်ဦးရဲ့ အမည်က အဓိကနေရာမှာ ပါဝင်နေတယ်လို့ ဂိုးလ်ဒေါ့ကွန်းက ဖော်ပြပါတယ်။ ဒါပေမယ့် ဒီကစားသမားတွေက ဘယ်သူတွေလဲဆိုတာတော့ အသေးစိတ်မဖော်ပြခဲ့ပါဘူး။ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၄ ရက်မှာ ဖီဖာက ရီးယဲလ်အသင်းဟာ လူငယ်ကစားသမားတွေ ခေါ်ယူရာမှာ သက်ဆိုင်ရာက ချမှတ်ထားတဲ့ စည်းမျဉ်းတွေအပေါ် ချိုးဖောက်ခဲ့တယ်ဆိုတဲ့ စွဲချက်နဲ့ ရီးယဲလ်ရဲ့ကစားသမားခေါ်ယူမှုကို အပြောင်းအရွှေ့ကာလ နှစ်ကြိမ်တိုင်ပိတ်ပင်ဖို့ ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ရီးယဲလ်နည်းပြ ဇီဒန်းကတော့ ဖီဖာရဲ့ ဆုံးဖြတ်ချက်ဟာ အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်လို့ ပြောကြားခဲ့ပါတယ်။ ဖီဖာရဲ့ ထုတ်ပြန်ချက်အရ ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၀၅ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အကြား ကစားသမား ၃၉ ဦး ခေါ်ယူရာမှာ သက်ဆိုင်ရာက ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီ ၃၉ ဦးထဲမှာ ဇီဒန်းရဲ့ သားလေးဦးအမည်လည်း ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဇီဒန်းရဲ့ သားအကြီးနှစ်ယောက်ဖြစ်တဲ့ အန်ဇိုနဲ့ လူကာတို့က ၂၀၀၄ ခုနှစ်ကတည်းက ရီးယဲလ်ကို ရောက်ရှိနေခဲ့ကြပြီး ၂၀၁၀ ခုနှစ်မှာ သီယို၊ ၂၀၁၃ ခုနှစ်မှာ အဲယက်ဇ်တို့ထပ်မံရောက်ရှိလာကြပါတယ်။ ဒါကြောင့် အန်ဇိုနဲ့လူကာတို့နှစ်ဦးကတော့ ဖီဖာရဲ့ စုံစမ်းမှုခံရမယ့် သတ်မှတ်ကာလထဲမှာပါဝင်တဲ့ ၂၀၀၅ ခုနှစ်မတိုင်မီ တစ်နှစ်အလိုကတည်းက ရီးယဲလ်ကိုရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်ဦးရဲ့ အမည်တွေကိုလည်း စုံစမ်းစစ်ဆေးတဲ့အထဲမှာ ထည့်သွင်းထားပါတယ်။ ဇီဒန်းရဲ့ သားလေးဦးစလုံးဟာ ဇီဒန်း စပိန်မှာ ကစားသမားအဖြစ်ကျင်လည်နေစဉ်နဲ့ ရီးယဲလ်မှာ တာဝန်ထမ်းဆောင်နေစဉ် ကာလမှာ ကလပ်အသင်းနဲ့ပူးပေါင်းခဲ့တာကြောင့် ဒါဟာ ပြဿနာတစ်ရပ် မဟုတ်ပါဘူး။

အစ်ဇီကူရယ်ရဲ့ ညီငယ်ဖြစ်တဲ့ ဘန်ဂျာက ၂၀၁၁ခုနှစ် ဘင်ဖီကာကို မပြောင်းရွှေ့ခင် နှစ်နှစ်အလိုမှာ ရီးယဲလ်နဲ့စာချုပ်ချုပ်ခဲ့ပေမယ့် သူဟာ ဒီကာလမတိုင်ခင် လေးနှစ်လောက်ကတည်းက စပိန်မှာအခြေချ နေထိုင်နေသူဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်က ကျန်တဲ့ကစားသမားငါးဦးလုံးရဲ့ ခေါ်ယူမှုမှာတော့ မေးခွန်းထုတ်ခံနေရဆဲအနေအထားမှာရှိနေပါတယ်။ သူတို့နဲ့ ပတ်သက်တဲ့ အထောက်အထားတွေကို အခုထိ ပီပီပြင်ပြင် ထုတ်မပြသေးနိုင်ပါဘူး။ ရီးယဲလ်ရဲ့ ညွှန်ကြားရေးမှူးချုပ် ဂျို့စ်ဆန်းချက်ဇ်က “ ဒီငါးဦးထဲက တစ်ဦးဟာ စာချုပ်ကိစ္စညှိနှိုင်းမရတာကြောင့် မခေါ်ယူဖြစ်ဘူး” လို့ ပြန်ရှင်းထားပါတယ်။

ဖီဖာက အဓိကထား စွပ်စွဲထားတဲ့ ကစားသမားရှစ်ဦးရဲ့ အပြောင်းအရွှေ့မှာ တစ်ဦးကသက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ခွင့်ပြုချက်ရရှိထားပြီး နောက်တစ်ဦးကတော့ ကစားသမားအဆင့်သတ်မှတ်ချက်ကော်မတီရဲ့ ခွင့်ပြုချက်မရလို့ ရီးယဲလ်နဲ့ စာချုပ်မချုပ်ဖြစ်ခဲ့ပါဘူးလို့ ရီးယဲလ်ဘက်က ထုတ်ပြန်ခဲ့ပါတယ်။ ၃၉ ဦးစာရင်းမှာ ပါဝင်နေတဲ့ ဗင်နီဇွဲလားကစားသမားနှစ်ဦးဖြစ်တဲ့ ဖာနန်ဒိုမာဆီယက်ဇ်နဲ့ဂိုးဒိုင်းတို့နဲ့ ပတ်သက်ပြီးတော့လည်း ရီးယဲလ်ဟာ အသေးစိတ်ကျကျ ပြန်ရှင်းနိုင်ခဲ့ပါတယ်။ ပီပီလို့ နာမည်ပြောင် ပေးထားတဲ့ နာခိုင်းရဲ့ အပြောင်းအရွှေ့ကတော့ အဓိကစုံစမ်းခံနေရတဲ့ ကိစ္စရပ်ဖြစ်ပြီး သူဟာ အသက်(၁၀) နှစ်ကတည်းက ရီးယဲလ်နဲ့ စာချုပ်ချုပ်ဆိုခဲ့သူပါ။ဖီဖာရဲ့ စည်းမျဉ်းအရ အသက်(၁၂)နှစ်ကျော်မှသာ “နိုင်ငံတကာ အပြောင်းအရွှေ့ အသိအမှတ်ပြု လက်မှတ်” ရရှိ မှာဖြစ်တာကြောင့် ဒီကိစ္စရပ်အပေါ် ဖီဖာက အသေအချာ စုံစမ်းသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ရီးယဲလ်ရဲ့ လူငယ်ကစားသမားခေါ်ယူမှုဟာ ရှုပ်ထွေးနေပြီး ပြန်ရှင်းဖို့ ခက်ခဲနေဦးမှာဖြစ်ပါတယ်။**[မေလှဲ့သင်း-ရေးသားသည်]**




**ဇန်နဝါရီ ၄ ရက်က ရီးယဲလ်နည်းပြအဖြစ် ခန့်အပ်ခံရသူ ဇီဒန်းနှင့် ဖီဖာ၏ ၃၉ ဦး စစ်ဆေးမှုတွင် အမည်စာရင်းပါဝင်နေသူ သားလေးဦးအား အတူတွေ့ရစဉ်။**

### ယာမိုလန်ကိုအတွက်ပေါင်သန်း ၂၀ ကျော်အသုံးပြုမည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် ယခုနှစ်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်လူ မိုဟာမက်အယ်လ်နနီအား ခေါ်ယူခဲ့ပြီးနောက် ယာမိုလန်ကိုအား ဆက်လက်ခေါ်ယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ အာဆင်နယ်သည် အဆိုပါယူကရိန်းတောင်ပံကစားသမားအတွက် ကနဦးကမ်းလှမ်းမှုအနေဖြင့် ပေါင် ၂၀ ဒသမ ၅ သန်းအသုံးပြုမည်ဖြစ်ပြီး အကယ်၍ ဒိုင်နမိုကိဗ်အသင်းဘက်မှ လက်မခံခဲ့လျှင် ယခုထက် ငွေကြေးပိုမို သုံးစွဲနိုင်ရန်လည်း ဝန်လေးမည်မဟုတ်ကြောင်း သိရသည်။

### ပေါ့ဘာဟာ ထိပ်တန်းအရည်အသွေးရှိသူပါ

ရီးယဲလ်နည်းပြ ဇီဒန်းက ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ထိပ်တန်းအရည်အသွေးရှိတဲ့ ကစားသမားပါလို့ ချီးကျူးစကားဆိုခဲ့ပါတယ်။ ပေါ့ဘာက ဇီဒန်းရဲ့ ပထမဆုံးကစားသမား ခေါ်ယူမှုဖြစ်လာမယ့်သူလို့ သတင်းပြေးနေသူဖြစ်ပါတယ်။ ဇီဒန်းက “ပေါ့ဘာက ထူးခြားတဲ့ ကစားသမားပါ။ ဒါပေမယ့် အခုကျွန်တော့်ကစားသမားတွေအကြောင်းပဲ စဉ်းစားပါတယ်။ စီရိုနယ်လ်ဒိုဆိုလည်း အကောင်းဆုံးပုံစံမှာ ဆက်ရှိနေဆဲပဲ ဖြစ်ပါတယ်။ ပြီးတော့ အသင်းရဲ့ ဝိညာဉ်လို အရေးပါသူဖြစ်တာကြောင့် ကလပ်အသင်းမှာပဲ ဆက်ရှိနေမှာ သေချာပါတယ်” လို့ မှတ်ချက်ပြုခဲ့ပါတယ်။

### ဆာရီကြောင့် ခြေစွမ်းပြနိုင်ခြင်းဖြစ်ကြောင်း ဟီဂူအင်ဆို

နာပိုလီတိုက်စစ်မှူး ဟီဂူအင်က ၎င်းအနေဖြင့် ယခုကဲ့သို့ ခြေစွမ်းပြသနိုင်ခြင်းမှာ နည်းပြဆာရီ၏နေရာပေးမှုကြောင့် ဖြစ်ကြောင်း ဆိုခဲ့သည်။ ဟီဂူအင်က လက်ရှိဘောလုံးရာသီ၌ စီးရီးအေပွဲ(၂၀)ဝင်ရောက် ကစားခဲ့ရာ သွင်းဂိုး(၂၀) အထိသွင်းယူထားနိုင်သူဖြစ်သည်။ ဟီဂူအင်က လက်ရှိခြေစွမ်းကို ဆက်လက်ထိန်းထားနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ခြေစွမ်းပြနိုင်ခြင်းမှာ နည်းပြဆာရီ၏ နေရာပေးမှုကြောင့်ဖြစ်ကြောင်း၊ လောလောဆယ်မည်သည့်အသင်းကိုမှ ပြောင်းရွှေ့မည် မဟုတ်သလို အသင်းကိုကူညီရန်သာ စိတ်အားထက်သန်နေကြောင်း ပြောကြားခဲ့သည်။

### အက်ရှ်လေကိုးလ် ရိုးမားမှ ထွက်ခွာမည်

အက်ရှ်လေကိုးလ်မှာ ရိုးမားမှ ထွက်ခွာကာ အယ်လ်အေဂလက်စီသို့ ပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ထရီဘယ်လ်ဒေါ့ကွန်းက ဖော်ပြသည်။ တမ်ပိုသတင်းဌာန၏ ဖော်ပြချက်အရ အက်ရှ်လေကိုးလ်နှင့် ရိုးမားအသင်းတို့သည် နှစ်ဖက်သဘောတူညီချက်ဖြင့် လက်ရှိစာချုပ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ပြီး မေဂျာလိဂ်ကလပ် အယ်လ်အေဂလက်စီ အသင်းသို့ ပြောင်းရွှေ့ရန် မျှော်လင့်နေကြောင်း သိရသည်။ ၎င်းမှာ ဂလက်စီအသင်းနှင့် စာချုပ်ချုပ်ဆိုနိုင်ရန် အီတလီမှ အမေရိကန်ပြည်ထောင်စုသို့ အမြန်ဆုံးသွားရောက်မည်ဖြစ်သည်။

### ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား မန်ယူခေါ်ယူရန် ချဉ်းကပ်နေ

ရီးယဲလ်ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အားခေါ်ယူရန် မန်ယူဘက်မှ စိတ်ဝင်စားနေပြီး ၎င်းအတွက်ပေါင်သန်း၆၀နီးပါး အသုံးပြုရန်လည်း စီစဉ်နေကြောင်း သိရသည်။ ဂျိမ်းစ်သည် ယခုနှစ်ဘောလုံးရာသီ၌ ရီးယဲလ်တွင် ပုံမှန်နေရာမရရှိဘဲ ရုန်းကန်နေရရာ အသင်းပြောင်းမည်ဟု သတင်းထွက်နေသူဖြစ်သည်။ သို့သော် ရီးယဲလ်နည်းပြသစ်ဇီဒန်းလက်ထက်တွင် ပုံမှန်ကစားခွင့်ရရန် ကြိုးပမ်းသွားမည်ဟု ဆိုထားခြင်းကြောင့် ယခုနှစ် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် ခေါ်ယူရန် မလွယ်ကူသေးပေ။ မန်ယူသည် ၂၀၁၄ နွေဈေးကွက်တွင် ဒီမာရီယာအတွက် ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်း အသုံး ပြုခဲ့ဖူးရာ ယခုတစ်ကြိမ်တွင်လည်း ငွေမြောက်မြားစွာ အသုံးပြုရန် ဝန်လေးမည်မဟုတ်ကြောင်း The Sun သတင်းစာက ဖော်ပြသည်။

### အဒီဘာယောအား ခေါ်ယူရန် စိတ်ဝင်စားဟု အလန်ပါဂျူး အတည်ပြု

ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဂျူးက ၎င်းအနေဖြင့် စပါးတိုက်စစ်မှူး အဒီဘာယောအားခေါ်ယူရန် စိတ်ဝင်စားနေသည်ဟူသော သတင်းများမှာ မှန်ကန်ကြောင်း အတည်ပြုခဲ့သည်။ အသက်(၃၁)နှစ်အရွယ်ရှိ အဒီဘာယောမှာ စက်တင်ဘာလက စပါးမှထွက်ခွာပြီးကတည်းက အသင်းလက်မဲ့ ဖြစ်နေသူဖြစ်ပြီး သူ့အားအလွယ်တကူခေါ်ယူနိုင်ရန် အခြေအနေရှိသောကြောင့် ပဲလေ့စ်က ခေါ်ယူလိုနေခြင်းဖြစ်သည်။ အဒီဘာယောမှာ ခြေစွမ်းပိုင်းကောင်းမွန်သော်လည်း စည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ကလပ်အသင်းတာဝန်ရှိသူများနှင့် မကြာခဏ ပြဿနာဖြစ်ပွားခဲ့ရသူဖြစ်သည်။ သူသည် မိုနာကို၊ အာဆင်နယ်၊ မန်စီးတီးနှင့် စပါးအသင်းတို့တွင်ကစားခဲ့ဖူးပြီး ရီးယဲလ်တွင်လည်း အငှားဖြင့်သွားရောက် ကစားခဲ့သေးသည်။ ပါဂျူးကမူ အဒီဘာယောမှာ ဗဟိုကွင်းလယ်နှင့် တိုက်စစ်မှူးနေရာ နှစ်မျိုးစလုံးတွင် ကစားနိုင်သောကြောင့် ပဲလေ့စ်အတွက် သေချာပေါက် အထောက်အကူရမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## ချယ်လ်ဆီးရဲ့ အလိုရှိမှုကြောင့် ဂျွန်စတုန်းပိုမိုတိုးတက်လာ

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအား ချယ်လ်ဆီးမှ ခေါ်ယူရန် တောက်လျှောက်ကြိုးပမ်းခဲ့မှုက ယင်းကစားသမား၏ ခြေစွမ်းတိုးတက်ရေးကို ပိုမိုအထောက်အကူပြုခဲ့ကြောင်း အဲဗာတန်နည်းပြ မာတီနက်ဇ်က ပြောကြားခဲ့သည်။ သို့သော် ဂျွန်စတုန်းအား ချယ်လ်ဆီးမှ အကြိမ်ကြိမ်ကမ်းလှမ်းခဲ့သော်လည်း အဲဗာတန် ဥက္ကဋ္ဌကြီး ဘေလ်ကန်ရိုက်က အစဉ်တစိုက်ပယ်ချခဲ့သဖြင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာခြင်းမရှိခဲ့ပေ။

ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီး၏ ရလဒ်ဆိုးများကြောင့် နည်းပြမော်ရင်ဟို ထုတ်ပယ်ခံခဲ့ရသဖြင့် ဂျွန်စတုန်းအနေဖြင့် အခြေအနေမတည်ငြိမ်သော ချယ်လ်ဆီးသို့ မပြောင်းရွှေ့ဘဲ အဲဗာတန်တွင် ဆက်လက်ရှိနေခြင်းက သူ၏ထိပ်တန်းအရည်အသွေးကို ထိန်းထားနိုင်ရန် အကျိုးပြုခဲ့သည်ဟူသော သုံးသပ်မှုများလည်းရှိနေခဲ့သည်။ ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ဂျွန်စတုန်းက ၎င်းအား ချယ်လ်ဆီးသို့ရောင်းချရန် အဲဗာတန်အသင်းတာဝန်ရှိသူများကို တောင်းဆိုခဲ့သေးသည်။

မာတီနက်ဇ်က“ကစားသမား တစ်ယောက်ကို ကလပ်အသင်းကြီးတစ်သင်းက အလိုရှိလာပြီဆိုရင် ဒါကသူ့ရဲ့ခြေစွမ်းပိုင်းတိုးတက်ရေးကို ပိုမိုအထောက်အကူပြုပါတယ်။ လူသားတစ်ယောက်အနေနဲ့ တွေးကြည့်ရင် ဒါဟာ ဘယ်လောက်အထိ ဆက်လက်တိုးတက်နေဦးမလဲဆိုတဲ့ မေးခွန်းတွေ အမေးခံနေရတဲ့ စမ်းသပ်ကာလပါ။ ဒီလိုအချိန်တွေမှာ သူဟာ ဖိအားတွေပိုမိုများနေပေမယ့် လက်ရှိအနေအထားမှာလည်း အကောင်းဆုံး စွမ်းဆောင်နိုင်ဖို့ ကြိုးပမ်းရင်း ဖိအားတွေနဲ့ ယဉ်ပါးလာသလို ခြေစွမ်းလည်း ပိုမိုကောင်းလာပါတယ်။ ဒါဟာ စိတ်ပညာသဘောတရားအရ မြင်တွေ့ရမယ့် အနေအထားပါ” ဟု ပြောကြားခဲ့သည်။

ဂျွန်စတုန်းမှာ လက်ရှိဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်မှုကြောင့် ချယ်လ်ဆီး၊ မန်ယူ၊ မန်စီးတီးစသော အသင်းများအပြင် ကမ္ဘာ့အင်အားကြီး ကလပ်နှစ်ခုဖြစ်သော ဘာစီလိုနာနှင့် ရီးယဲလ်တို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားလာကြသည်။



# တောင်သူပညာပေးရုပ်သံလိုင်း Farmer Channel ပုလဲမြို့နယ်ရှိ စံပြစိုက်ခင်းများသို့ကွင်းဆင်းရိုက်ကူး

**ပုလဲ ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် တနယ်ကျေးရွာရှိ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသော ဂျုံ၊ ကုလားပဲနှင့် ပဲစင်းငုံသီးနှံ စံပြစိုက်ခင်းများကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Farmer Channel တောင်သူပညာပေး ရုပ်သံလိုင်းက ကွင်းဆင်းကြည့်ရှု၍ ရိုက်ကူးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် တနယ်ကျေးရွာနေ တောင်သူဦးကျော်ဦးက "ကျွန်တော်တို့ဒေသရဲ့ စိုက်ပျိုးမြေကလည်း ကောင်းတယ်။ မိုးကောင်းသောက်ဒေသဖြစ်ပေမယ့်လို့ နိုင်ငံတော်အစိုးရက ပြည်သူတွေစိုက်ပျိုးတဲ့ သီးနှံ ဖြစ်ထွန်းမှုရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေ အောင်ရေရရှိရေးအတွက် တောင်ယမားဆည်ကြီးကို တည်ဆောက် ပေးခဲ့တဲ့အတွက် ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးရွာသွန်းမှုနည်းပေမယ့် ရာသီမရွေး ဒေသနဲ့ကိုက်ညီတဲ့ ဈေးကွက်အမာခံရှိတဲ့ သီးနှံအမယ်စုံ စိုက်ပျိုးဖြစ်ထွန်းမှုကတော့ မြင်တွေ့ရတဲ့ အတိုင်းပါပဲ။

"အခုလို ဖြစ်ထွန်းအောင်မြင်နေတဲ့ ဂျုံ၊ ကုလားပဲနှင့် ပဲစင်းငုံသီးနှံ စိုက်ခင်းများကို တောင်သူပညာပေး ရုပ်သံလိုင်းဖြစ်တဲ့ Farmer Channel က ကွင်းဆင်းကြည့်ရှု ရိုက်ကူးပြီးနောက် တစ်နိုင်လုံးကို ထုတ်လွှင့်ပြပေးမှာဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ သီးနှံများ ဖြစ်ထွန်းအောင်မြင်မှုမှသည် ကျေးလက်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့ကျကျနဲ့ စိုက်နည်းစနစ်များကို တောင်သူများနဲ့ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ပေးတဲ့ စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများနဲ့ ကျေးရွာရဲ့ ဖြစ်ထွန်းအောင်မြင်နေတဲ့ သီးနှံအမယ်စုံကို ကွင်းထဲအရောက် ကြည့်ရှုရိုက်ကူးပေးတဲ့ Farmer Channel ရိုက်ကူးရေးအဖွဲ့ကိုလည်း ကျေးရွာရဲ့ ကိုယ်စားကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ် တနယ်ကျေးရွာအုပ်စု၌ စိုက်ဧက ၆၀၀၀ ရှိသည့်အနက် ယခုနှစ်တွင် ပဲစင်းငုံစိုက်ဧက ၄၀၀၀ ရှိပြီး တစ်ဧကအထွက်နှုန်း ၁၆ တင်း ထွက်ရှိပြီး ဈေးကွက်၌ ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ရှိရာ တောင်သူများအနေဖြင့် ငွေကျပ်သိန်း ၃၂၀၀ ရရှိမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

# ဆိတ်ညံ့မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော မိုးစပါးများရိတ်သိမ်း

**မြင်းခြံ ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ်တွင် ဧရာဝတီမြစ်မှ ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသော မိုးစပါးများ ရိတ်သိမ်းနေခြင်းကို မြင်းခြံခရိုင်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းနှင့် ဦးစီးအရာရှိများ၊ မြို့နယ်တာဝန်ခံများမှ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဆိတ်ညံ့လျှပ်စစ်မြစ်ရေတင်ဖြင့် လက်တံအမှတ်(၇)၊ လက်တံခွဲအမှတ်(၈)၊ ရေသောက်ကွင်းအမှတ်(၂၈၃ ) ရှိ တောင်သူ ဒေါ်သန်းမြိုင်၏ စပါးစိုက်ခင်းမှ စပါးများကို မြင်းခြံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စီစဉ်ပေးသော ရိတ်သိမ်းခြွေလှေ့စက် (Combined Harvester ) တစ်စီး ၊ စက်မှုလယ်ယာ ဦးစီးဌာနမှ တစ်စီး၊ တောင်သူပိုင်တစ်စီး၊ စုစုပေါင်း သုံးစီး ဖြင့်ရိတ်သိမ်းခဲ့သည်။

မိုးစပါးများရိတ်သိမ်းခြွေလှေ့ခြင်းကို တာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများမှကြည့်ရှုခဲ့ရာ ရိတ်သိမ်းချိန် အချိန်မီပြီးစီးခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လုပ်သား ငှားရမ်းရာတွင် အခက်အခဲရှိ၍ စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ခြင်းကို တောင်သူများသဘောကျနှစ်ခြိုက်ကြကြောင်း၊ စပါးလည်း ယခင်နှစ်ထက် အထွက်နှုန်းပိုများကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# နနွင်းအစစ်သုံးစွဲသူများပြားလာပြီး ဈေးကွက်ကျယ်ပြန့်လာသဖြင့် စိုက်ပျိုးသူများအဆင်ပြေ

**ပင်လည်ဘူး ဇန်နဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင်နနွင်းအစစ်အား ဟင်းခတ်ရာ၌လည်းကောင်း၊ ဆေးဖော်စပ်ရာ၌လည်းကောင်း၊ ဝယ်ယူသုံးစွဲမှုများ ပြားလာသဖြင့် ကျောက်အင်းကုန်း၊ ပလူသာသီးကုန်း၊ သစ်ဖြူကျင်း၊ သာစည်၊ ကညင်ကုန်း၊ ချင်းကုန်းစသည့် ကျေးရွာများ၌ စိုက်ပျိုးမှုများပြားလာသဖြင့် နနွင်းဥစိုက်ပျိုးသူများ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နနွင်းဥကို ရှေးဘိုးဘွားတွေ လက်ထက်ကတည်းက မိမိအိမ်သုံးဟင်းခပ်စားဖို့နဲ့ ဆေးဝါးဖော်စပ်ရာမှာ အသုံးပြုဖို့ဆိုပြီး မိရိုးဖလာစိုက်ပျိုးခဲ့ကြတာပါ။ အခုခေတ်ကျတော့ နနွင်းတွေကို ဆန်မှုန့်တို့ ဖွဲမှုန့်တို့နဲ့ရောပြီး ရောင်းလာကြတော့ နနွင်းမှုန့်အစစ် သုံးစွဲချင်သူတွေက ကိုယ့်ဒေသကထွက်တဲ့ နနွင်းမှုန့်ကို အဓိကဝယ်ယူစားသုံးမှုများသလို အချို့လည်း ပင်လည်ဘူးနယ်မှာ လာဝယ်ပြီး ကောလင်း၊ ဝန်းသိုဘက်ကို ပြန်လည်ရောင်းကြတယ်။ အချို့လည်း ကချင်ပြည်နယ်ဘက်ကို တင်ပို့ရောင်းချလာကြတယ်။ ဒါ့ကြောင့် အခုဆိုရင် နနွင်းစစ်စစ်ဝယ်ယူသုံးစွဲမှု များပြားတာကြောင့် ဈေးကွက်လည်း ကျယ်ပြန့်လာတာဖြစ်ပါတယ်" ဟု ကျောက်အင်းကုန်းကျေးရွာမှ နနွင်းဥစိုက်ပျိုးရောင်းချသူတစ်ဦးက ပြောသည်။

နနွင်းဥများကို စိုက်ပျိုးရာတွင် လယ်ယာမြေအနီးတွင်လည်းကောင်း၊ ကျွန်းမြေနှင့် မူးမြစ်ကမ်းဘေးများ၌ မိုးရာသီတွင်စိုက်ပျိုးကြပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တူးဖော်ကြသည်။ ယင်းနောက်နနွင်းဥများကို ပြန်လည်စိုက်ပျိုးမည့်ဥများကိုဖယ်ကာ နနွင်းဥများကို ရေစင်အောင်ဆေးကြသည်။ ယင်းနောက် ပါးပါးလှီးပြီး အခြောက်လှန်း၍ စက်များဖြင့်အမှုန့်ကြိတ်ကာ နနွင်းမှုန့်နို့ဆီဘူးတစ်ဘူးလျှင် ယမန်နှစ်များက ငွေကျပ် ၃၀၀ ဖြင့် ရောင်းချခဲ့ရာ ဝယ်ယူသူများပြားလာသဖြင့် ယခုနှစ်တွင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ဈေးကောင်းရကြောင်း သိရသည်။ **စိုင်းလှုမင်း**


## ပိုင်ရှင်ကိုယ်တိုင်အိမ်အမြန်ရောင်းမည် ပွဲစားလိုသည်

တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းမ(ဂုတ်)ခြံ မွန်မြတ်မေတ္တာအိမ်ယာအနီး မြေအကျယ်ပေ(၁၀၀)ပတ်လည်အိမ်အကျယ်(၆၀ပေ×၆၀ပေ)၊ ၂ထပ်RCတိုက်သစ်၊MBR(5)ခန်း၊ဘုရားခန်းကြီးတစ်ခန်း၊ ဧည့်ခန်းကြီးတစ်ခန်း၊ ဧည့်ခန်းသေးတစ်ခန်း၊ ထမင်းစားခန်း၊ မီးဖိုချောင်၊ အိပ်ခန်းတိုင်းတွင်ဝရန်တာပါသည်။ပါကေးခင်း၊ ကြွေပြားကပ်၊ လိုက်ကာခန်းစီးတပ်၊အခန်းတိုင်းတွင် အဲကွန်းပါသည်။အိမ်ဖော်အိပ်ခန်း(၂)ခန်းပါသည်။အဝီစိရေ၊ ဂျိုးဖြူရေ၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ 25KVA မီးစက်၊ သရက်ပင်၊မာလကာပင်၊ သီးပင်၊စားပင်များနှင့် ပန်းအလှပင်များစိုက်ပျိုးထားသည်။ ခြံဝင်းတစ်ခုလုံးတွင် ကွန်ကရစ်ဘလောက်တုံးများခင်းထားပြီးကား (၆)စီးဆံ့Steel Structure ကားဂိုဒေါင်ပါသည်။ အိမ်ပတ်လည်အုတ်တံတိုင်းအမြင့်ကာထားပြီး လုံခြုံရေးဘလိတ်ခါးဆူးကြိုးများတပ်ဆင်ထားသည်။အိမ်ရှေ့ထိ ကွန်ကရစ်လမ်းခင်းထားသည်။ဖင်းအိမ်ကိုညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်။

09-261447029, 09-31656754,
09-254331647, 09-30666613



ဆုတောင်းတွေက ဆုတောင်းတိုင်း ပြည့်တာတော့ မဟုတ်ပါဘူး။ မြတ်စွာဘုရား ဟောကြားထားတဲ့ အင်္ဂါ(၅)ချက်နဲ့ ပြည့်စုံမှ ဆုတောင်းပြည့်တာပါ။

## ရဝေနွယ်(အင်းမ) ဆုတောင်းတွေပြည့်ဖို့

News Watch စောင့်ကြည့် သတင်းဂျာနယ်တွင် ဖော်ပြခဲ့သော ဓမ္မဆောင်းပါးများ။




ထွက်ပြီ

တန်ဖိုး-၁၀၀၀ကျပ်

ပင်ရင်း- ဖုန်း-၀၉-၇၃၀ ၂၆၆၇၄၊ ၀၉-၇၃၁ ၀၃၆၃၄၊ ဖြန့်ချိရေး- ၀၉- ၂၅၇ ၂၅၂၅၇၇



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၁၁)၊ မြေကွက်တည်နေရာအမှတ်(၅၁၁)၊ စပါယ် (၁) လမ်း၊ ဦးမောင်ချစ်-၁၂/ဥကမ(နိုင်)၀၅၇၂၀၇၊ ဒေါ်လှကြည်-အေအေ-၀၆၄၆၉၂အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမောင်ချစ်၊ ဒေါ်လှကြည်(တရားရှုံး)များကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံး ဘီလစ် ဒေါ်သူဇာ၊၆/ ထဝန(နိုင်)၀၂၆၃၄၃မှ တရားရုံး ဘီလစ်ခန့်အပ်စာ တရားမကြီးမှုအမှတ်(၉၈/၁၅) အမိန့်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ်(၆၃/၁၅) စီရင်ချက်အမိန့်နှင့် ထုံးပုံကျအမိန့်တို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



MHR MANAGEMENT INSTITUTE
Developing People . Shaping Future

တိုးတက်ပြောင်းလဲမှုကိုနှစ်သက်ပြီး အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန် MHR သင်တန်းကျောင်းမှ ဖွင့်လှစ်သော Short Course သင်တန်းများကို တက်ရောက်နိုင်ပါပြီ

- Certificate in Portfolio Management (Stock Exchange)
- Certificate in Human Resource Management
- Certificate in Excellence Service for Customer

Class Begin January Last Week

သင်တန်းတစ်ခုခြင်းစီအတွက်သင်တန်းသားဦးရေ (၃၀) သာလက်ခံပါမည်

Contact Centre 1
Room 905, 9th Floor, Thanzay Condo, Lanmadaw Street, Latha Township, Yangon.
01-395802, 01-2316168, 01-707822, 097-321-7110
mhrmyanmar@gmail.com

Contact Centre 2
No. 27, Ground Floor, Building E, Pearl Condominium, Kabaraye Pagoda Road, Yangon.
0973223777, 098628878
info@businessinstituteygn.com

ဖတ်စရာ



# မင်းကွန်းဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကို ရေးထိုးထားသည့်ကျောက်စာချပ်များ လေ့လာနိုင်

ဓါ ဇေယျာနောင်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သည့် မဟာဗုဒ္ဓဝင်ကျမ်းစာများအား ပြန်လည်ရေးသားထွင်းထုထားသည့် ကျောက်စာချပ်များကို စစ်ကိုင်းမြို့နယ် မင်းကွန်းနယ်မြေမှ တိပိဋကနိကာယ ကျောင်းတိုက်ကြီး တည်ရှိရာ မိုးမိတ်ကုန်းမြေ၌ ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မဟာဗုဒ္ဓဝင် ကျောက်စာများမှာ မိုးမိတ်ကုန်းမြေအတွင်းရှိ မင်းကွန်းတိပိဋကဓရလွမ်းစေတီ၊ မဟာဗုဒ္ဓဝင်နှင့် ထေရုပ္ပတ္တိပြတိုက်တို့၏အနောက်ဘက်ကုန်းပေါ်မှ ကျောက်စာတိုက် အစုအဝေး၌ တည်ရှိခြင်းဖြစ်ပြီး မင်းကွန်းဆရာတော်ဘုရားကြီး၏ ဆဋ္ဌသင်္ဂါယနာအမေးအဖြေများ၊ ကာဗျမာလာ ကျမ်းနှင့် မင်းကွန်းတိပိဋကဓရမူ ၃၇ ခန်း ကမ္မဝါစာတို့ကိုလည်း ကျောက်စာများအဖြစ် ရေးထိုးထားရာ တစ်စုတည်းလေ့လာနိုင်ပါသည်။

မဟာဗုဒ္ဓဝင်မှာ ကျောက်စာတိုက် ၁၀ တိုက်ရှိပြီး ကျောက်စာချပ်ရေပေါင်း ၇၂၀ ရှိပြီး အခြားကျောက်စာများမှာ ဆဋ္ဌသင်္ဂါယနာအဖြေသည် ကျောက်စာတိုက် လေးတိုက်တွင် ကျောက်စာချပ်ရေပေါင်း ၃၆၀ ချပ်၊ ကာဗျမာလာသည် ကျောက်စာတိုက် တစ်တိုက်တွင် ကျောက်စာချပ်ရေပေါင်း ၈၀ နှင့် မင်းကွန်းတိပိဋကဓရမူ ၃၇ ခန်း ကမ္မဝါစာသည် ကျောက်စာတိုက်တစ်တိုက်တွင် ကျောက်စာချပ်ရေပေါင်း ရှစ်ချပ်ရှိသောကြောင့် ကျောက်စာတိုက် အစုအဝေးတွင် ကျောက်စာတိုက် စုစုပေါင်း ၁၆ တိုက်ရှိပြီး ကျောက်စာချပ်ရေစုစုပေါင်း ၁၁၆၈ ချပ်ရှိကြောင်းသိရသည်။

ဤအရေအတွက်မှာ မန္တလေးမြို့ရှိ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုဖြစ်သော ကုသိုလ်တော် မဟာလောကမာရဇိန်ဘုရားအတွင်း ထွင်းထုရေးသားထားသော ပိဋကတ်သုံးပုံပါဠိတော် ကျောက်စာချပ်ရေ ၇၂၉ ချပ်ထက်ပင် များပြားနေသည်ကို တွေ့ရသည်။

ရသေ့ကြီးဦးခန္တီကလည်း ၁၂၇၅ ခုနှစ်မှစတင်၍ ကုသိုလ်တော်ဘုရားအနီးရှိ စန္ဒာမုနိဘုရားအတွင်း၌ အဋ္ဌကထာ၊ ဋီကာကျောက် စာချပ်စုစုပေါင်း ၁၇၇၄ ချပ်ကို စိုက်ထူခဲ့ပါသည်။ မိတ္ထီလာ၊ သထုံ၊ ရေနံချောင်း၊ ညောင်ရမ်း၊ မုံရွာ၊ မင်းကင်း၊ မိုးကုတ်၊ ဟသ်ာတ၊ ခနုဖြူစသည်တို့၌လည်း ဤသို့ ပိဋကတ်သုံးပုံပါဠိတော်၊ ပိဋကတ်သုံးပုံ အဖွင့်၊ အဋ္ဌကထာ၊ နိဿယနှင့် ဗုဒ္ဓဘာသာ ကျမ်းစာများအား ကျောက်စာရေးထိုး လှူဒါန်းထားကြကြောင်း စာရေးဆရာမကြီး လူထုဒေါ်အမာ၏ 'ကမ္ဘာ့အကြီးဆုံးစာအုပ်' တွင် ရေးသားဖော်ပြထားပါသည်။

မင်းကွန်းတိပိဋက ဆရာတော်ဘုရားကြီးသည် မဟာဗုဒ္ဓဝင်ကျမ်းစာများကို ဆဋ္ဌသင်္ဂါယနာတင်ပွဲအပြီးတွင် ထိုအချိန်က နိုင်ငံတော်ဝန်ကြီးချုပ်၏ သုံးကြိမ်တိုင် လျှောက်ထားတောင်းပန်ချက်အရ မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်တွင် စတင်ရေးသားခဲ့သည်ဟု သိရသည်။ နိုင်ငံတော်ဝန်ကြီးချုပ်က သုံးကြိမ်တိုင် လျှောက်ထားတောင်းပန်ခဲ့သလို ဆရာတော်ဘုရားကြီးကလည်း ကတိသုံးချက်တောင်းပြီးမှ လက်ခံရေးသားခြင်းဖြစ်သည်။ ထိုကတိသုံးချက်မှာ (၁)စေတနာ့ဝန်ထမ်းအဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင်သော်လည်းကောင်း၊ (၂) ရုံးကိစ္စအဝဝ ဘုန်းကြီးနှင့်မပတ်သက်လျှင်လည်းကောင်း၊ (၃) မိမိတတ်စွမ်းသမျှ စာပေကိစ္စတွင်သာ ဦးစီးဆောင်ရွက်ရလျှင်သော်လည်းကောင်း ရေးသားပါမည်ဟူ၍ ဖြစ်လေသည်။ မဟာဗုဒ္ဓဝင်ကျမ်းကြီးသည် မြတ်ဗုဒ္ဓ၏ဝါတော် ၄၅ ဝါ အထိမ်းအမှတ်အဖြစ် အခန်း ပေါင်း ၄၅ ခန်း၊ မဂ္ဂရှစ်ပါးအထိမ်းအမှတ်အဖြစ် စာအုပ်ရှစ်အုပ်၊ ဆဋ္ဌသင်္ဂါယနာ၏ အထိမ်းအမှတ် အဖြစ်အတွဲ (၆)တွဲရှိပြီး သင်္ဂါယနာခြောက်တန်းတင် ပိဋကတ်ကျမ်းဂန်များထဲမှ အကြောင်းအရာများကို အပိုအလိုမရှိ တိတိကျကျဖြစ်အောင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် လက်နှိပ်စက်ရိုက်၍ ကိုးနှစ်ကျော်ကြာအောင် ရေးသားပြုစုထားသဖြင့် ပညာရှိများအထူးလေးစား ကိုးကားရသော ကျမ်းကြီးကျမ်းခိုင် တစ်ဆူဖြစ်ကြောင်း သိရသည်။

မဟာဗုဒ္ဓဝင် ကျောက်စာတိုက်အပါအဝင် ကျောက်စာတိုက်များကို ဆရာတော်ဘုရားကြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ငွေရတုပူဇော်ပွဲ၏ လ ၅၀ မြောက် ရွှေရတုပူဇော်ပွဲအထိမ်းအမှတ်အဖြစ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သက္ကရာဇ် ၁၃၄၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၁) ရက် (၂၆-၁၁-၁၉၈၂) တွင် ရေစက်ချလှူဒါန်းခဲ့သည်။

ဤကျောက်စာတိုက်များ အနီး၌ ပိဋကတ်စေတီတော်နှင့် ဆရာတော်ကြီးဟောကြားသော ဩဝါဒကထာ အနုမောဒနာတရားတော် လေးမျက်နှာ ကျောက်စာတိုင်တစ်တိုင်ကိုလည်း ကြည်ညိုလေ့လာနိုင်ကြသေးသည်။

ကျောက်စာတိုင်မှာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ ၁၃၄၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၅ ရက်နေ့တွင် ကျင်းပသော မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကဓရဘွဲ့ရရှိသည့် ၂၅ နှစ်မြောက်ငွေရတုသဘင် ပူဇော်ပွဲ၌ ဆရာတော်ကြီး ဟောကြားတော်မူသော တိပိဋကဓရရွေးချယ်ပွဲတွင် ဝင်ရောက်ဖြေဆိုတော်မူရပုံ အကြောင်းနှင့် ဩဝါဒကထာအနုမောဒနာတရားတော်တို့ကို လေးမျက်နှာရေးထိုးထားခြင်းဖြစ်သည်။

ပိဋကတ်စေတီတော်ကို မင်းကွန်းဆရာတော်ဘုရားကြီး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ရရှိတော်မူသည့် (၂၅)နှစ်မြောက် ငွေရတုပူဇော်ပွဲ၏ ၇၅ လမြောက် စိန်ရတုပူဇာ အထိမ်းအမှတ်အဖြစ် သက္ကရာဇ် ၁၃၄၆ ခုနှစ် ဝါဆိုလဆန်း ၇ ရက်တွင် စတင်အုတ်မြစ်ချပြီး သက္ကရာဇ် ၁၃၄၇ ခုနှစ် ဒုတိယဝါဆိုလဆန်း (၁၂)ရက် (၂၉-၇-၁၉၈၅) တွင် ထီးတော်တင်လှူခဲ့ခြင်းဖြစ်သည်။ ပဋ္ဌာန်း (၂၄)ပစ္စည်းကိုရည်ညွှန်းသောအားဖြင့် ဉာဏ်တော် ၂၄ တောင်အမြင့်ရှိအောင် တည်ထားခြင်းဖြစ်သည်။

စေတီတော်၏လုံးပတ်တွင် ဆရာတော်ကြီး ကျက်မှတ်ကြည့်ရှုလေ့လာခဲ့သော ပိဋကသုံးပုံအပါအဝင် အဋ္ဌကထာ၊ ဋီကာကျမ်းစာအုပ်ပေါင်း ၅၂၉ အုပ်ကို စာအုပ်ပုံသဏ္ဌာန် သရုပ်ဖော်ထားသည်။ ဆရာတော်ဘုရားကြီးရရှိတော်မူခဲ့သည့် ဘွဲ့တံဆိပ်တော်များကို မူရင်းပုံစံများအတိုင်း ထွင်းထုပူဇော်ထားသည့် ကျောက်စာချပ်ပေါင်း ၅၆ ချပ်ကိုလည်း ကြည်ညိုဖွယ်ရာလေ့လာနိုင်ပါ သည်။ ဤပိဋကတ်စေတီတော်နှင့် တစ်ထပ်တည်းတူသည့် စေတီတစ်ဆူကို ဆရာတော်ကြီး၏ သက်တော် ၈၀ ပြည့် အထိမ်းအမှတ်ပတ္တမြားရတု အလံတော်ကျရာ လေးမျက်နှာမြို့နယ် ကုန်းကြီးကျေးရွာ၌ သရက်တောကျောင်း ဆရာတော်ဦးပဏ္ဍိတ (နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်)က ဦးဆောင်တည်ထားကိုးကွယ်ခဲ့သည်။


**လိုက်လှဲဝမ်းမြောက်ဂုဏ်ယူကြောင်းဆုမွန်လွှာ**

လေးစားချစ်ခင်အပ်ပါသောဆရာ..... သာသနာ့ဒါယကာစစ်စစ်အမှန်ဖြစ်ပါသော

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သိရီသုဓမ္မမဏိဇောတဓရ ဦးကျော်ခင်မြင့် (မောင်ရင့်ကျူး-မြောင်းမြ)**

SEIN YADANAR GEMS & JEWELLERY သည် ၂၀၁၆-ခုနှစ်၏ **"အဂ္ဂမဟာသိရီသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူမဆုံးဖြစ်ရပါကြောင်းနှင့် ကျန်းမာစွာ သက်တော်ရာကျော်ရှည်၍ သာသနာပြုနိုင်ပါစေကြောင်း လိုက်လှဲစွာဆုမွန်ကောင်းတောင်းလျက်.....

**ဦးတင်ဝင်း + အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဒေါ်ခင်ကြည်**

**ကိုအောင်ဆန်းဝင်း + မစန်းယုမော် (ဆန်းကိုကို ဘိစကစ် မိသားစု)**



၁၉၉၈- ၂၀၀၀ ခုနှစ်၊ ဝါးခယ်မ၊ G.T.I ကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို (၃၁. ၁. ၂၀၁၆)၊ တနင်္ဂနွေနေ့၊ နံနက် (၉:၀၀) မှ နေ့လည် (၁၂:၀၀) ထိ ရန်ကုန်မြို့၊ စိမ်းလန်းစိုပြေစားသောက်ဆိုင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ/မများမှ ကန်တော့ခံ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန်နှင့် ကျောင်းသား/သူဟောင်းများ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းစုံစမ်းနိုင်ရန်**

ကိုကျော်ဝေလင်း၊ ၀၉-၄၂၂၄၄၅၃၄၄
ကိုအောင်မျိုးပိုင်+မဝင်းဝင်းခိုင်၊ ၀၉-၇၃၁၇၂၄၅၄
မစုစုလှိုင်၊ ၀၉-၂၅၀၂၆၇၇၉၁
မမို့မို့သူ၊ ၀၉-၇၃၁၄၇၉၇၉
မနွဲ့ယဉ်ဝင်း၊ ၀၉-၄၃၁၄၁၈၅၆
ကမ္ဘောဇဘဏ်(ဗားကရာ) AC/No 124-302-06200018201



**သထုံမြို့နယ်အသင်း(ရန်ကုန်)**
**၂၀၁၅ခုနှစ်၊ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနား ဖိတ်ကြားလွှာ**

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၅ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော ရန်ကုန်မြို့ရောက် သထုံသူ/သထုံသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - သထုံမြို့နယ်အသင်းဓမ္မာရုံ၊ မဟာဝိဇယစေတီကုန်းမြေ

ရန်ကုန်မြို့နေ အသင်းဝင်နှင့် အသင်းဝင်၏မိဘ အသက်(၇၅)နှစ်အထက် ဘိုးဘွားများစာရင်းကို ဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၀၁-၂၁၁၆၅၈၊ ဒု-ဥက္ကဋ္ဌ ဦးစန်းလွင် ဖုန်း-၀၁-၅၇၈၇၁၇၊ အတွင်းရေးမှူးဦးတင်ထွန်း ဖုန်း-၀၉-၂၅၀၀၀၁၆၁၉၊ တွဲဖက်အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၀၉-၅၁၄၀၁၅၉၊ ဘဏ္ဍာရေးမှူး ဒေါ်ချိုချို ဖုန်း-၀၁-၅၁၀၁၇၅နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ အသက်အထောက်အထားအတွက် မှတ်ပုံတင်မိတ္တူနှင့်အတူ ၂၅-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်မီ အမည်စာရင်း အထောက်အထားများကို ပေးပို့ရန် ထပ်မံနှိုးဆော်အပ်ပါသည်။

(တက်ရောက်သူဧည့်ပရိသတ်များအား သထုံမုန့်ဟင်းခါးနှင့် ထမင်းဝါဖြင့် ဧည့်ခံပါမည်။)

**အမှုဆောင်အဖွဲ့**



MY FRIEND GROUP ၇ (JAN-23,30) အထူးနေ့ချင်းပြန်ခရီးစဉ်များ
* မန္တလေးမဟာမြတ်မုနိ၊ ကျောက်စိမ်းဘုရား၊ နေပြည်တော်-၃၅၀၀၀(ထမင်းကျွေး)
* မန္တလေးမဟာမြတ်မုနိ၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်နေရာစုံ-၄၅၀၀၀(ထမင်းကျွေး)
* ကျိုက္ကမီ၊ စက်စဲ၊ ဝင်းစိန်တောရ ဘားအံဘုရားစုံ၊ သထုံရွှေစာရံ-၃၀၀၀၀(ထမင်းကျွေး)
* ကျူထော်ရေတံခွန်နှင့်ဘားအံဘုရားစုံ-၃၅၀၀၀(စရိတ်ငြိမ်း)
* ကျိုက်ထီးရိုး၊ ချောင်းသာ၊ ငွေဆောင်(နေ့စဉ်)။
အမှတ်(၇၀၁)၊ နန္ဒဝန်ဈေးရှေ့၊ တ/ဉ၊ PH-09450113969,09450114969,098634422



**အထက(၂)မှော်ဘီ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

အထက(၂)မှော်ဘီတွင် ပညာသင်ကြားပေးခဲ့ကြသော ၁၉၆၆ မှ ၁၉၇၅ ခုနှစ်အထိ ထက်/လယ်/မူ ဆရာ၊ ဆရာမကြီးများနှင့် ၁၉၇၆မှ ၁၉၈၅ခုနှစ်အထိ အထက်တန်းပြ(သက်ပြည့်အငြိမ်းစား)ဆရာ၊ ဆရာမကြီးများအား နဝမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်(တနင်္ဂနွေနေ့)တွင် အထက(၂)မှော်ဘီ မေတ္တာရောင်ခြည်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး (မည်သည့်ခုနှစ်မဆို) ကြွရောက်ပူဇော် ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လာမည့် ၂၀၁၇ ခုနှစ်တွင် အထက(၂)မှော်ဘီ ကျောင်းတော်ကြီး၏ သက်တမ်းနှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူဟောင်းများက သိန်း(၂၃၀၀) ခန့် တန်ဖိုးရှိသော"ဘက်စုံဖွံ့ဖြိုးရေးခန်းမ"ကို လှူဒါန်းတည်ဆောက်နေပြီဖြစ်ပါ၍ တတ်နိုင်သမျှ ပညာဒါနကုသိုလ်ပါဝင်ကြပါရန် လေးစားစွာ တိုက်တွန်း နှိုးဆော်အပ်ပါသည်။

အလှူငွေများလှူဒါန်းလိုပါက

ဒေါက်တာဦးစောကလယ်ခူ ဖုန်း-၀၉-၅၁၆၅၈၁၄
ဒေါ်အေးအေးစိုး ဖုန်း-၀၉-၇၉၁၄၃၂၇၁၇၊ ၀၉-၄၂၀၁၉၉၂၂၈
ဦးမောင်မောင်ဦး ဖုန်း-၀၉-၇၉၀၁၄၁၃၆၅၊ ၀၉-၂၅၃၀၆၉၇၁၇
ငွေစာရင်းအမှတ် (၀၇၉၁၂၂၀၀၀၈၇၂၂)
ကမ္ဘောဇဘဏ်(ထောက်ကြန့်)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



ဗစ္စတ္တူ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ရွှေဇီးခုံ၊ စွယ်တော်လေးဆူ
(၃ညအိပ်-၄ရက်) စရိတ်ငြိမ်းခရီးစဉ် ဖေဖော်ဝါရီ ၁၁ ၊ မတ် ၁၈ ၊ မတ် ၂၅ - ၉၅၀၀၀ ကျပ်
ပုဂံမြို့ Floral Breeze Hotel တည်း၊ အဆင့်မြင့်စားသောက်ဆိုင်ကျွေး
ဖုန်း-09 5407753, 09 420038879, 09420175500, Imagine Myanmar Travel



ပန်းနုရောင် အဆင့်မြင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
ဘားအံ-ကျူထော်ရေတံခွန် 23-Jan-2016 (Friday)
ကျိုက်ထီးရိုး 24-Jan-2016 (Sunday)
နေ့ချင်းပြန်ခရီးစဉ်
စားရိတ်ငြိမ်း(35,000 Ks)
Hot line: 09-401601378 09-43004362 ,09-252692757
pink Traveling Service



Budget Tour အဆင့်မြင့်ခရီးသွားလုပ်ငန်း 09264450022-33/ (ရုံးချိန် 09262995100)
● အပတ်စဉ် (နေ့ချင်းပြန်) ● ချောင်းသာ ● ကျိုက်ထီးရိုး (၄၀၀၀၀ ကျပ်)
● အပတ်စဉ် (နေ့ချင်းပြန်) ● မော်လမြိုင် ● ဘားအံ (၅၀၀၀၀ ကျပ်)
● လစဉ် ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး (၃)ည/(၄)ရက် (၁၅၀၀၀၀ ကျပ်)
● လစဉ် တောင်ကြီး၊ အင်းလေး (၃)ည/(၄)ရက် (၁၅၀၀၀၀ ကျပ်)
● လစဉ် မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင် (၃)ည/(၄)ရက် (၁၅၀၀၀၀ ကျပ်)
စရိတ်ငြိမ်း / ၇၉ယောက်/ ၁၅ယောက် သီးသန့်မော်တော်ယာဉ်များဖြင့်



**အခန်းအမြန်ငှားရန်ရှိသည်**

ပါရမီလမ်းမကြီးပေါ်၊ ရွှေမန်းသူဂိတ်မျက်စောင်းထိုး၊ ပထမထပ်၊ ဒုတိယထပ်၊ ပေ(၂၀×၆၀)၊ Aircon ၊ ရေပူရေအေး၊ ကြွေပြားခင်း။ ဆက်သွယ်ရန်

Ph:09-5043224, 09-785043224



**အမည်ပြောင်း**

အမက(၃) ဗိုလ်တထောင်၊ ဒုတိယတန်းတွင် ပညာသင်ကြားနေသော (အဖ) ဦးကျော်သူ၏သမီး မဆုရတီအောင်အား မသျှင်နှိုင်းအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

# မြင်းမူမြို့မဈေးအတွင်း ဈေးသည်များ ခင်းကျင်းရောင်းချနေမှု စနစ်တကျနှင့်စည်းကမ်းရှိရန်လိုအပ်

**မြင်းမူ ဇန်နဝါရီ ၁၇**

မြင်းမူ မြို့မဈေးကြီးအတွင်း၌ အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်ဘက် မိန်းလမ်းမကြီးနှစ်ခုကို စနစ်တကျ ထားရှိပေးခဲ့သော်လည်း လမ်းဘေးရှိ ဆိုင်ခန်းများနှင့် ပျံကျဈေးသည်များ၏ စည်းကမ်းမဲ့မှုနှင့် ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ပြီး မိမိနေအိမ်သဖွယ် ရောင်းချနေမှုများကြောင့် ဈေးသွားဈေးလာနှင့် နိုင်ငံခြားခရီးသွား လေ့လာသူများ၏ အမြင်တွင် မြို့၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေကြောင်း ဒေသခံများက ပြောသည်။

ယင်းအပြင် ဈေးရုံအတွင်း လူသွားလမ်းများ၌လည်း ဈေးသူဈေးသားတို့၏ မဆင်မခြင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ကြွက်တွင်းများနေရာအနှံ့ နီးနီးရှိနေသည်မှာလည်း ကျန်းမာရေးအတွက်စိုးရိမ်စရာဖြစ်နေကြောင်း ဒေသခံများက ပြောသည်။

ယင်းကြောင့် ဈေးအတွင်း၌ ဈေးသည်များအနေဖြင့် အလေးချိန်မှန်ကန်စွာရောင်းချခြင်း၊ ပြေပြစ်စွာ ပြောဆိုဆက်ဆံခြင်း၊ ကျန်းမာရေးနှင့်အညီ ထုပ်ပိုးရောင်းချခြင်း၊ စနစ်တကျထားသိုသိမ်းဆည်း၍ စနစ်တကျခင်းကျင်းရောင်းချခြင်းဖြင့် စည်ပင်သာယာသော ဈေးတစ်ဈေးဖြစ်အောင် ဝိုင်းဝန်း ဆောင်ရွက်သင့်ကြောင်း ကမ္ဘာလှည့်နိုင်ငံခြားသား ခရီးသွားများက အကြံပြုပြောသည်။

ဈေးအတွင်း တစ်ရုံနှင့် တစ်ရုံကြား လူသွားလမ်းပေါ်ခင်းထားသည့် သမံတလင်း အက်ကွဲကျိုးကျနေကြောင်း၊ ကြွက်တွင်းများနေရာအနှံ့ တွေ့ရပြီး မတော်တဆ ကြွက်တွင်းထဲ ခြေထောက်ကျသွားလျှင်ပင် အနာတရဖြစ်နိုင်ကြောင်း၊ ယင်းကြောင့် စည်ပင်က တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဈေးဝယ်လာသူ တစ်ဦးက ပြောသည်။

မြင်းမူမြို့မဈေးကြီးသည် လုပ်သားပြည်သူများ ဝင်ထွက်သွားလာရောင်းဝယ်ဖောက်ကားနေကြသော နေရာတစ်ခု ဖြစ်ပါသည်။ လုပ်သားပြည်သူများ အဆင်ပြေစေရန်အတွက် အပြင်ဘက်တိုက်တန်းဆိုင်ခန်းများနှင့် ဈေးအတွင်းဈေးရုံ၊ ဆိုင်ခန်းနှင့် ပျံကျဆိုင်ခန်းများဟူ၍ သီးသီးသန့်သန့်ထားရှိခဲ့သော ဈေးလည်းဖြစ်သည်။

(ဇေ၂၄)



## ဝက်လက်မြို့နယ်တွင် ရွှေဘိုပေါ်ဆန်း မိုးစပါးစံကွက်ရိတ်သိမ်း

**ဝက်လက် ဇန်နဝါရီ ၁၇**

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၄၅၉)၊ ဦးပိုင်အမှတ်(၈)၊ မြေကွက်အမှတ်(၂၆) တောင်သူ ဦးခင်အောင် စိုက်ပျိုးထားသော ရွှေဘိုပေါ်ဆန်းစပါး (သင့်)အဆင့်အတန်းရှိ စံကွက်အား ရိတ်သိမ်းခဲ့ရာ တစ်ဧက အထွက်နှုန်း ၇၃ ဒသမ ၄၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိပ်သိမ်းနေမှုအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးတင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မြတ်မြတ်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်သူများ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ခေါင်းစဥ်အမျိုးမျိုးပြကာ ငွေကောက်ခံ၍ ဖရဲ၊ သခွားမွေးစိုက်ပျိုးတင်ပို့ရောင်းချသူများ နစ်နာနေ

**ချောင်းဦး ဇန်နဝါရီ ၁၇**

ချောင်းဦးမြို့နယ်အတွင်းမှ ဖရဲ၊ သခွားကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိသော တောင်သူများအနေဖြင့် မူဆယ်မြို့ရှိ ပွဲရုံများမှတဆင့် ထွက်ရှိသောသီးနှံအပေါ် ခေါင်းစဥ်အမျိုးမျိုးပြကာ ငွေကောက်ခံမှုများရှိနေသဖြင့် နစ်နာမှုများ ရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဖရဲ၊ သခွား ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနေသော တောင်သူများအနေဖြင့် ဂျူတီကြေးကောက်ခံမှုအစား ကြိုတင်ဝင်ငွေခွန်အဖြစ် ယခင်နှုန်းထားအတိုင်း ဆက်လက်ကောက်ခံနေမှုကြောင့် နစ်နာမှုများရှိနေသဖြင့် ကင်းလွတ်ခွင့် ပေးရန်ဆန္ဒရှိကြောင်း ချောင်းဦးမြို့နယ် ဖရဲ၊ သခွားမွေး စိုက်ပျိုးတင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

ယခင်က ဂျူတီကြေးဆိုသည်ကို သီးနှံဝယ်သူဖက်က ဆောင်ပေးကြရပြီး နောက်ပိုင်းတွင် ဖရဲ၊ သခွားရာသီတွင်ရောင်းသူများဖက်က စတင်ဆောင်ကြရရာ ယင်းဂျူတီကြေး ကင်းလွတ်ရန် သက်ဆိုင်ရာအဆင့်ဆင့်ကို တင်ပြခဲ့ကြသည်။

ယင်းသို့တင်ပြရာတွင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ ရက်က နေပြည်တော်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးတွင်ပြုလုပ်သည့် သစ်သီးဝလံဈေးကွက်နှင့် အရောင်းအဝယ်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဖရဲ၊ သခွားအစုအဖွဲ့ ခေါင်းဆောင်များက ဝိုင်းဝန်းတင်ပြသည့်အတွက် ဂျူတီကြေးကို ဆက်၍မကောက်ရန် ကောက်ခံလျှင်လည်း ပြေစာနှင့်တကွ တိုင်တန်းရန်ဟူ၍ ဖြေလျော့ပေးကြောင်း သိရသည်။


ယင်းကဲ့သို့ ဖြေလျော့ပေးသည့်အတိုင်း ၂၀၁၅ ခုနှစ် ဖရဲ၊ သခွားစိုက် ရာသီတွင် ဂျူတီကြေးကို ဆက်လက်မကောက်တော့ဘဲ ၂၀၁၅ ဒီဇင်ဘာလဆန်းပိုင်းရာသီမှစ၍ ကြိုတင်ဝင်ငွေခွန်ဟုဆိုကာ ဂျူတီကြေးကောက်သည့်အတိုင်း ကောက်ကြသည်ကို ကြုံတွေ့ရကြောင်း၊ ပွဲရုံများနှင့် တောင်သူများသည် အမြဲတမ်း ဆက်သွယ်ဆောင်ရွက်ရသည်ဖြစ်သောကြောင့် အချင်းချင်း အခြေအတင်ပြောကြရမည်ကိုစိုးရိမ်နေကြရကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။

ဧက ၄၀ ခန့် စိုက်သောတောင်သူအနေဖြင့် တစ်နှစ်လျှင် ကျပ်သိန်း ၈၀ ခန့် ကောက်ခံနေသည့်အတွက် များစွာနစ်နာမှုများရှိနေပြီး မြတ်သည့်နှစ်တွင် ခံသာသော်လည်း၊ ရှုံးသည့်နှစ်တွင် များစွာနစ်နာကြရကြောင်း တောင်သူများက ပြောသည်။

မြန်မာနိုင်ငံ တစ်ဝှမ်းရှိ ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့ဝင် တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများအပေါ် အမည်အမျိုးမျိုးတပ်ကာကောက်ခံနေမှုများကိုဗဟိုမှ အဆင့်ဆင့် တင်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ကြက်သွန်နီ ဈေးကောင်းရရှိနေသောကြောင့် တောင်သူများ ပိုမိုစိုက်ပျိုးလာ



**ဆိပ်ဖြူ ဇန်နဝါရီ ၁၇**

ယခုနှစ် ဆောင်းရာသီကာလတွင် အညာဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ် ဒေသများရှိ ကိုင်းစိုက်တောင်သူများသည် ဈေးကွက်ဝင်ကြက်သွန်နီ စိုက်ပျိုးရေးအား အဓိကစိုက်ပျိုးလျက်ရှိကြသည်။

၂၀၁၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်အများစုတွင် ရေဘေးသင့်ခဲ့ရ၍ မိုးရေချိန်လက်မ အနည်းငယ်သာရွာသော အထက်အညာဒေသများ၌ပင် ရေကြီးရေလျှံ ရေလွှမ်းမိုးခဲ့ကာ အညာဒေသအတွင်း ကျေးရွာများရှိ ကိုင်းစိုက်ပျိုးမြေများ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ယင်းသို့ ကိုင်းစိုက်မြေများ ထိခိုက်ပျက်စီးမှုများကြောင့် ဒေသ၏ အဓိကစိုက်ပျိုးရေး ထွက်ကုန်ဖြစ်သည့် ကြက်သွန်နီဥများ ဈေးနှုန်း ပိုမိုမြင့်တက်လာကာ ပြည်တွင်းပြည်ပ ဈေးကွက်တွင် နေရာရလာသည်။

ယင်းကြောင့် အညာဒေသအတွင်း ဆောင်းသီးနှံများဖြစ်သည့် မြေပဲ၊ ပြောင်း၊ နှမ်း၊ ပဲ အမျိုးမျိုးအပြင် ဈေးကွက်ဝင်သည့် ကြက်သွန်နီ စိုက်ပျိုးခြင်းကိုပိုမိုအားဖြည့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။ ယနေ့အညာဒေသဖြစ်သည့် မကွေးတိုင်းချောက်မြို့နယ်၊ ဆိပ်ဖြူမြို့နယ်တို့၌ပင် ကြက်သွန်နီပေါက်ဈေး လက်လီ ကျပ် ၁၀၀၀ အထိ ပေါက်ဈေးရှိနေပြီး ကုန်သည်ပွဲစားများက စိုက်ခင်းအထိလာကောက်သည့် ပေါက်ဈေးပင် တစ်ပိဿာ ကျပ် ၈၀၀ ထိရှိလာသည်ဟု ဒေသခံကိုင်းစိုက်တောင်သူများက ပြောသည်။

ကြက်သွန်မျိုးစေ့အား စနစ်တကျပျိုးထောင်၍ ပျိုးပင်ရောင်းချခြင်းသည်လည်း ယခင်ကထက် ဈေးကွက်ရရှိလာကာ ပျိုးပင်ပေါက်တစ်ပြည်လျှင် ပေါက်ဈေး ကျပ် ၄၅၀၀၀ မှ ကျပ် ၅၀၀၀၀ အထိ ရောင်းချနိုင်ခဲ့ကြောင်း ကြက်သွန်နီပျိုးပင် ရောင်းချခြင်းအပြင် တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးရှိ ကြက်သွန်ပွဲရုံများသို့ ကြက်သွန်ရောင်းဝယ်လုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် ညောင်ဦးမြို့နယ် မီးလောင်ဖျားကျေးရွာမှ ဦးစိန်လွင်က ပြောသည်။

"ဒီနှစ်မှာ ကျွန်တော် ကြက်သွန်ပိုမိုအားဖြည့်စိုက်ခဲ့ပါတယ်။ ကျွန်တော့အနီး ပတ်ဝန်းကျင်က ကိုင်းစိုက်တောင်သူများလည်း ကြက်သွန်နီကို အဓိကထား စိုက်ပျိုးနေကြပါတယ်"ဟု ဆိပ်ဖြူမြို့နယ် ရေလယ်ကျွန်းကျေးရွာ ဧရာဝတီမြစ်ကမ်းအနီးက ကိုင်းစိုက်တောင်သူကိုမျိုးက ပြောသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# အသက်(၁၆)အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ညောင်တုန်းမြို့၌ကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၁၇**

ကျန်းမာကြံ့ခိုင်သော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန်နှင့် မျိုးဆက်သစ်ထူးချွန်ဘောလုံးသမားကောင်းများ ပေါ်ထွန်းလာစေရေး၊ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဖလားအသက်(၁၆)အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က မြို့မဘောလုံးကစားကွင်း၌ ကျင်းပခဲ့ကြောင်းသိရသည်။

နောက်ဆုံး ဗိုလ်လုပွဲအဖြစ် အ-ထ-က (၂) အသင်းနှင့် အ-ထ-က (ခွဲ) စကြော့အသင်းတို့ ယှဉ်ပြိုင်ကစားရာ အ-ထ-က(၂)အသင်းက ၂ဂိုး-၁ဂိုး ဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားခဲ့သည်။

ပထမဒိုင်းဆုနှင့် ငွေသားဆု ကျပ် ၂၀၀၀၀၀ အား မြို့နယ် အားကစားကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ဒုတိယဒိုင်းဆုနှင့် ငွေသားဆု ကျပ် ၁၅၀၀၀၀ ကို အ-ထ-က (ခွဲ) စကြော့အသင်းအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမင်းကလည်းကောင်း၊ တတိယဒိုင်းဆုနှင့် ငွေသားကျပ် ၁၀၀၀၀၀ ကို အ-ထ-က (ချောင်းကြီး) အသင်းအား ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်အားကစားဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာဦးက အသန့်ရှင်းဆုံးအသင်းဆု၊ အကောင်းဆုံးဘောလုံးသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် တစ်ဦးချင်း ထူးချွန်ဆုများအား တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# မိုးပွင့်အထူးစီမံချက်(အပိုင်း-၂)ဖြင့် မြန်မာနိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ထားဝယ် ဇန်နဝါရီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) နှင့် ပူးပေါင်း၍ ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်များတွင် လောင်းလုံးမြို့နယ် သဘော့ဆိပ်ရွာအ-ထ-က(ခွဲ) ကျောင်းနှင့် သကျက်တော အ-ထ-က(ခွဲ) ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့်အထူးစီမံချက်(အပိုင်း-၂)ဖြင့် နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ယင်းနေ့က သဘော့ဆိပ်ရွာ အ-ထ-က(ခွဲ)ကျောင်းတွင် ကျောင်းသား ၃၁ ဦး၊ ကျောင်းသူ ၅၂ ဦး စုစုပေါင်း ၈၄ ဦး၊ သကျက်တော အ-ထ-က (ခွဲ) ကျောင်းတွင် ကျောင်းသား ၄၁ ဦး၊ ကျောင်းသူ ၆၇ ဦး စုစုပေါင်း ၁၀၈ ဦးကို တစ်ဦးချင်းလက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ထားဝယ်ခရိုင်ပြန်/ဆက်ဦးစီးဌာန)**

# ကျောက်တံခါးမြို့နယ် ကန်ကလေးကျေးရွာအုပ်စုတွင် တံတားဖွင့်ပွဲကျင်းပ

**ကျောက်တံခါး ဇန်နဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကန်ကလေးကျေးရွာအုပ်စု ကန်ကလေးနှင့် အုန်းနဲ့သာကျေးရွာတို့ကို ဆက်သွယ်သော တံတားဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကာ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းက ပြည်ထောင်စုလွှတ်တော် ခွင့်ပြုငွေနှင့် ပြည်သူလူထု ပူးပေါင်းထည့်ဝင်မှုတို့ဖြင့် တည်ဆောက်ခဲ့သော ညီညွတ်ရေးတံတားတစ်စင်း ဖြစ်မြောက်လာပုံအကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကန်ကလေး-အုန်းနဲ့သာ လူကူးတံတားအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးခင်စိုး၊ စခန်းမှူးဒုရဲမှူးသိန်းထိုက်တို့က ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ လူကူးတံတားအား ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေ ၄၅ သိန်း၊ ပြည်သူလူထုထည့်ဝင်ငွေ ၅၀ သိန်း ၅ သောင်း စုစုပေါင်း ကုန်ကျငွေ ၉၅ သိန်း ၅ သောင်းဖြစ်သည်။ တံတားအရှည် ပေ ၈၀၊ ၆ လက်မ၊ အကျယ် ၆ ပေ၊ အမြင့် ၂၅ ပေ အောက်ခံအုတ်ခုံအပေါ် သံပေါင်ရက်မ သံပြားခင်းအမျိုးအစားဖြစ်ကာကျေးရွာငါးရွာမှပြည်သူများ အလွယ်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

DENTAL
# နှင်းဆီကုန်း
## သွားနှင့်ခံတွင်းအထူးကုဆေးခန်း
အမှတ်(၂၀-A)၊ ကမ္ဘာအေးဘုရားလမ်း(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : 558401, 558459 (Ext : 104)
*Value For the Money, One Stop Dental Services*
*OPEN DAILY 9:00Am - 8:00Pm*
သင့်သွားနှင့်ခံတွင်းကျန်းမာရေးအတွက် သင့်တင့်သောဈေးနှုန်းဖြင့် ကုသ-ကာကွယ်နိုင်သည်။

၁၉၃၃ ခုနှစ် တည်ထောင်သည်
# ရွှေမန်းတောင်
အမှတ်တံဆိပ်




TMR-007525(0614)
## အကြောပြေ မျက်စိကြည်ဆေး
မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ်
ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက်
အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း
ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄

### ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဇာလာလ်လျန်၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၇၃၀၉၁၂၅၅

## ဒဂုံမြို့သစ်
အရှေ့ပိုင်း
သိပ်တင်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

### ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း
ကျွန်တော်၏ဇနီးဖြစ်သူ အဖ ဦးအုန်းကြွယ်၏သမီး မဇင်နွယ် [၇/သဝတ(နိုင်) ၀၆၂၈၃၀]သည် ကျွန်တော့်အား အရှက်တကွဲဖြစ်အောင် နည်းမျိုးစုံပြုမူ၍ ကျွန်တော်မရှိခိုက် ၈-၁-၂၀၁၆ ရက်တွင် နေအိမ်မှ 3H/2752 AD Van ကားတစ်စီး လက်ဝတ်ရတနာ၊ စာချုပ်စာတမ်းများနှင့်အတူ (၈)တန်းကျောင်းသူ သမီးကိုခေါ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဦးအောင်နိုင်
[၁၂/ဥကတ(နိုင်)၀၂၃၇၂၇]

## ပွင့်ဖူးအင်ဒိုနီးရှားပါတိတ်၏
## တရုတ်နှစ်သစ်ကူး အထူးအစီအစဉ်
* အင်ဒိုနီးရှားဒါးကြီးပါတိတ်၊ လက်ရေးပါတိတ်၊ ဆေးရေးပါတိတ်၊ ကိုက်ထိုးပါတိတ်၊ ပိုးရွှေပါတိတ်၊ ပိုးရှပ်၊ ပါတိတ်ရှပ် ဒီဇိုင်းသစ်မျိုးစုံတို့ကို (၃)ထည်ဝယ်လျှင် (၁)ထည် မေတ္တာလက်ဆောင်အပြင်
- ၂၀၁၆ပြက္ခဒိန်နှင့်အတူ ပါတိတ်အကျီဒီဇိုင်းပုံ Wall Sheet များကိုပါ ရရှိနိုင်ပါသည်။
* ဆိုင်လိပ်စာ-အမှတ်(၁၊၃၊၅)သိမ်ဖြူလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
- ဖုန်း-၀၁-၃၈၆၅၄၉၊ ၀၁-၇၀၆၆၅၁၊ ၀၉-၅၁၁၉၀၈၁
* ဆိုင်ဖွင့်ချိန်-နံနက် ၉း၃၀နာရီမှ ည၇း၃၀နာရီ (၁၇-၁-၂၀၁၆ ရက်မှ ၇-၂-၂၀၁၆ရက်ထိ)

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ
ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မြေတိုင်းအကွက်အမှတ်(၃-သရက်မျော်)အကွက်၊ ဦးပိုင်(၅၂/၁၀)၊ ဧရိယာ (၀. ၀၂၇)ဧကရှိ [အရှေ့ဘက်-ဦးကျော်ထွေး၊ အနောက်ဘက်-ဦးကျော်လင်း၊ တောင်ဘက်-တေဇာခင်ဦး(၁)၊ မြောက်ဘက်လမ်းကြား]မြေအား လူနေဂရန်ရရှိရန် ဦးသန်းထွန်း[၇/တငန(နိုင်) ၁၃၃၁၅၈]က လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၁၅) ရက်အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိကန့်ကွက် ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေဂရန်ထုတ်ပေးလိမ့်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။
တောင်ငူမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၃၅၀)၊ မြေကွက်အား ဦးသိန်းလှိုင် [၁၂/ဒလန(နိုင်)၀၀၆၄၈၀]မှ မြေချပါမစ်ပျောက်ဆုံးသွား၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်လွှာများတင်ပြ၍ မြေချပါမစ်မိတ္တူမှန်လျှောက်ထားလာပါသဖြင့် မြေပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက် ရန်ရှိပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မိတ္တူမှန်ထုတ်ပေးရေးကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြေယာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

Mlmi
Myanmar Leadership & Management Institute
Leader in Soft Skills

New **Trainings** *in* **New Year** for **Change**

AMA American Management Association | CMI | AIM Australian Institute of Management | CIM Canadian Institute of Management | CIPD Championing better work and working lives | SIM | SHRM Society for Human Resource Management | atd Association for Talent Development

ကမ္ဘာ့အကောင်းဆုံး စီမံခန့်ခွဲမှုသင်တန်းကျောင်းကြီးများ၏ သင်ရိုးညွှန်းတမ်းများနှင့်အညီရေးဆွဲထားသော
မြန်မာနိုင်ငံ၏ပထမဦးဆုံးသင်တန်း

# Management Skills for Supervisors Part (I)

**သင်ကြားပို့ချမည့်သူ**

ပါမောက္ခဦးအေးကျော် Principal (Myanmar Leadership and Management Institute)
Former Founder and Principal (MHR), (FCMI, UK), (FABE, UK), (FCAM, UK), (ACIPD, UK)

**တက်ရောက်သင့်သူများ**

✔ အလုပ်တစ်ဖက်ဖြင့် အချိန်မရ၍ နှစ်လရှည်ကြာသော MBA ဘွဲ့ / ဒီပလိုမာသင်တန်းများ တက်ရောက်ရန် မအားလပ်သူများ။
✔ လုပ်သက်နည်းသောဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရများနှင့် လုပ်သက်များသောဘွဲ့မရသေးသည့် (တက္ကသိုလ်တက်ရောက်ဆဲ) ဝန်ထမ်းငယ်များ။
✔ Supervisor ရာထူးသို့ အချိန်တိုတိုဖြင့် ရောက်ရှိနိုင်ရန် ကြိုးစားနေသောအလားအလာရှိသည့် ဝန်ထမ်းငယ်များ။
✔ Supervisor ရာထူးသို့ မကြာမီတိုးမြှင့်ပေးရန် ရွေးချယ်ထားသူများ။
✔ စီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာမည်သည့်သင်တန်းများကိုမှ မတက်ရောက်ရသေးသော Supervisor များ။
✔ မိမိလက်အောက်ဝန်ထမ်းများကိုခေတ်မီနိုင်ငံတကာနည်းစနစ်များဖြင့် စီမံခန့်ခွဲကြီးကြပ်လိုသော SMEs လုပ်ငန်းရှင်များ။
✔ ၂၀၁၆တွင်စတင်မည့် AFTA နှင့် AEC တို့ကြောင့် ပေါ်ပေါက်လာမည်ဖြစ်သောအခွင့်အလမ်းများကိုရယူပြီး စိန်ခေါ်မှုများကိုအောင်မြင်စွာရင်ဆိုင်အနိုင်ယူရန် ပညာဖြည့်လိုသောဝန်ထမ်းများ၊ လုပ်ငန်းရှင်များ။

**သင်ကြားမည့် ခေါင်းစဉ်များ**

1. Roles and Duties of a Supervisor
2. Communication Skill with Feedback
3. Planning Skill for a Supervisor
4. Organising Skill in Supervisory Level
5. Motivating Skill and Directing Skill
6. Monitoring Skill and Controlling Skill

**သင်ကြားမည့်နည်းစနစ်**

နိုင်ငံတကာတွင် ကျင့်သုံးသော Discussion, Presentation, Brainstorming, Case Study, Role Play, and Group Activities

**သင်တန်းချိန်နှင့် နေ့ရက်**

၂၃.၁.၂၀၁၆ (စနေနေ့) နံနက် ၉း၀၀ မှ ညနေ ၅း၃၀ နာရီ နှင့် ၂၄.၁.၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၀၀ မှ ညနေ ၅း၃၀ နာရီ
နောက်ဆုံးသင်တန်းအပ်ရန်ရက်မှာ (၂၁.၁.၂၀၁၆ ကြာသပတေးနေ့) ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသည်။
(သင်တန်းသားအနည်းဆုံး(၃)ဦးနှင့်အထက် စေလွှတ်သောကုမ္ပဏီများ၊ လုပ်ငန်းများအတွက် Discount 10% ရရှိပါမည်။)

**၂၀၁၆ အတွင်း ဖွင့်လှစ်မည့် SOFT SKILLS သင်တန်းသစ်များ**

**FOR FRONT LINE MANAGEMENT, MIDDLE MANAGEMENT, AND SENIOR MANAGEMENT**

✔ Management Skills for Supervisors Part (II), Part (III)
✔ Management Skills for Managers Part (I), Part (II), Part (III)
✔ Management Skills for General Managers Part (I), Part (II), Part (III)
✔ Leadership Skills for Entry Leaders
✔ Leadership Skills for New Leaders
✔ Leadership Skills for Advanced Leaders
✔ Creative Thinking for Supervisors
✔ Critical Thinking for Managers and GMs

**FOR TOP MANAGEMENT (EXECUTIVE COACHING)**

✔ Management Skills for Board of Directors Part (I), Part (II), Part (III)
✔ Leadership Skills for Board of Directors Part (I), Part (II), Part (III)
✔ Stragegic Thinking for Board of Directors

ကုမ္ပဏီ/လုပ်ငန်းတစ်ခုချင်းစီ၏လိုအပ်ချက်အရ စီမံခန့်ခွဲမှုပညာသင်တန်းများကို လုပ်ငန်းခွင်အရောက်သင်ကြားပို့ချပေးလျှက်ရှိပါသည်။

**MLMI**, Building (4), Room (10), Myanmar ICT Park, Hlaing University Campus, Yangon.
Tel : 01-2305188, 09 5045551, 09 254116939 E-mail : enquiry@myanmarlmi.com
Facebook : www.facebook.com/myanmarleadershipandmanagement

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ(၂၅)ရက်နေ့၊ မလေးရှားနိုင်ငံ၊ ပီနန်မြို့ **Hotel Equtorial Penang** ၌ကျင်းပပြုလုပ်ခဲ့သည့်

**The 33rd Conference of ASEAN Federation of Engineering Organization(CAFEO-33)**

အခမ်းအနားတွင် **ASEAN OUTSTANDING ENGINEERING ACHIEVEMENT AWARD** ကို

အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံအနက် **AG Asia General Electric Co.,Ltd.**

မှထိုက်ထိုက်တန်တန် လက်ခံရရှိခြင်းနှင့် လျှပ်စစ်ဝန်ကြီးဌာန၏ အလုံသဘာဝဓါတ်ငွေ့သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံ၌ သုံးစွဲနေပြီဖြစ်သော

**47.5MVA, 11/36 kV Transformer** အား

**AG Asia General Transformer (AGE) Co.,Ltd.** မှ

အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့သည့်အတွက် လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။












EDEN GROUP
မြန်မာ့ရွှေဆောင်ဘဏ်
SAN KAUNG INDUSTRY LIMITED
UPG UNITED PAINTS GROUP CO., LTD.
PMG
PEACE MYANMAR ELECTRIC CO.,LTD
APQ Asia Power Quality Electric Co.,Ltd.
SWH SEIN WUT HMON CO., LTD.
THIDA Chan Myay Electrical Trading Co.,Ltd
S.A Lighting Soe Aung & Brothers Lighting
Kaung Thu Kha Trading Co.,Ltd.
